# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# တတိယ ပုံမှန်အစည်းအဝေး
# (၁၆) ရက်မြောက်နေ့ မှတ်တမ်း



## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## (၁၆) ရက်မြောက်နေ့ အစီအစဉ်

## [ ၁၄–၁၂–၂၀၁၆ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **“၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၃ အရ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့် အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကို ဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ” ဟု ပြဋ္ဌာန်းထားပါလျက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပျို၊ လူပျိုဖြစ်ကြောင်း ကျမ်းကျိန်လွှာ (နိုတြီ) အပေါ် ထောက်ခံချက်ပေးရန် ငြင်းဆန်နေခြင်းကို ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပ မြို့နယ်၊ ၉ ရပ်ကွက်၊ သစ္စာလမ်းနှင့် ဝေဇန္တာရာလမ်းထောင့်ရှိ အားကစား ပန်းခြံအား မူလအတိုင်း ပြန်လည်ခွင့်ပြုပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရှိ ရဲဘက်စခန်းများအား ဖျက်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် သက်ငယ် မုဒိမ်းမှုများနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ရန် အစီအစဉ်ရှိ၊ မရှိနှင့် နိုင်ငံတော်အစိုးရအနေနှင့် ပြည်သူလူထုအား အမျိုးသားရေး တာဝန်အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်စေရန်အတွက် ပညာပေးအစီအစဉ်များ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတော်နှင့် ပြည်သူများ အတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေသော "တရားမဝင် လောင်းကစားမှု" များကို ထိရောက်စွာ ဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ခ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၊

(ဂ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(ဃ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

(စ) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၊

(ဆ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ဇ) ဦးပေါလ်ဆိုင်း၊ ဒီးမော့ဆို မဲဆန္ဒနယ်၊

(ဈ) ဦးတင့်စိုး၊ ဖားကန့် မဲဆန္ဒနယ်၊

(ည) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော **"ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၁၇) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
## (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးစိန်ဗိုလ်၊ မြဝတီမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ်ဦးရေ ၃၈၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၂ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁ ရက်၊

(၂) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၂ ရက်၊

(၃) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၂ ရက်၊

**မူကြမ်း**

(၄) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၂ ရက်၊

(၅) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၂ ရက်၊

(၆) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၂ ရက်၊

(၇) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၂ ရက်၊

(၈) ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ် ခွင့် ၁ ရက်၊

(၉) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၁၀) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၂ ရက်၊

(၁၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

(၁၂) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၂ ရက်၊

(၁၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၁၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၁၅) ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ခွင့် ၁ ရက်၊

(၁၆) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၁၇) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၁၈) မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန် ခွင့် ၁ ရက်၊

(၁၉) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

(၂၀) ထန်းတလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၁ ရက်၊

(၂၁) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် ၁ ရက်၊

(၂၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၂၃) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၂ ရက်၊

(၂၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂၅) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၂၆) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၁ ရက်၊

(၂၈) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊

(၂၉) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၀) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၃ ရက်၊

(၃၁) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၂ ရက်နှင့်

(၃၂) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၃ အရ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရဟု ပြဋ္ဌာန်းထားပါလျက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပျို၊ လူပျိုဖြစ်ကြောင်း ကျမ်းကျိန်လွှာ(နိုတြီ)အပေါ် ထောက်ခံချက်ပေးရန် ငြင်းဆန်နေခြင်းကို ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ ယခု ကျွန်တော် မေးမယ့်မေးခွန်းကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပျို၊ လူပျိုဖြစ်ကြောင်း ကျမ်းကျိန်လွှာ(နိုတြီ) အပေါ်မှာ ထောက်ခံချက်ပေးဖို့ ငြင်းဆန်နေခြင်းကို ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့မေးမယ့်မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေဟာ အခုအချိန်မှာ နိုင်ငံခြားကိုရောက်ပြီးတော့ အလုပ်အကိုင်လုပ်နေကြတာ အများကြီးပါပဲ။ လူသုံးသန်းကျော်၊ လေးသန်းလောက်ရှိတယ်လို့ ပြောပါတယ်။ အဲဒီအခါမှာ လူသဘာဝအရ ရောက်သွားတဲ့အရပ်ဒေသတွေမှာ ချစ်ရေး၊ ချစ်ရာကိစ္စတွေရှိလာပါတယ်။ အဲဒီတော့ လက်ထပ်ထိမ်းမြားစရာကိစ္စတွေရှိလာပါတယ်။ အဲဒီလို လက်ထပ်ထိမ်းမြားစရာကိစ္စတွေရှိတဲ့အခါမှာ ဒီလက်ထပ်ထိန်းမြားဖို့အတွက် သက်ဆိုင်ရာတရားရုံးတွေ၊ သူတို့နိုင်ငံခြားက သက်ဆိုင်ရာတရားရုံးတွေ၊ နောက်တစ်ခါ လက်ထပ်မှတ်ပုံတင်ရုံးတွေမှာ သွားပြီးတော့ သွားလက်ထပ်ကြရပါတယ်။ အဲဒီအခါမှာ ဘာတောင်းသလဲဆိုတော့ အဲဒီတရားရုံးတွေကနေပြီးတော့ အဲဒီလက်ထပ်မယ့် မြန်မာနိုင်ငံသားပဲဖြစ်ဖြစ်၊ ဘယ်နိုင်ငံသားကိုပဲဖြစ်ဖြစ် အိမ်ထောင်မရှိ အပျို၊ လူပျိုဖြစ်ကြောင်း ကျမ်းကျိန်လွှာတစ်စောင်လိုအပ်ပါတယ်။ အဲဒီကျမ်းကျိန်လွှာကို ဘာလုပ်ရသလဲဆိုတော့ လက်ထပ်ချင်တဲ့ အပျို၊ လူပျိုများဟာ မြန်မာပြည်ကိုပြန်လာပြီးတော့ တရားရုံး သို့မဟုတ် နိုတြီပဗ္ဗလစ် ရှေ့မှာသူတို့က ကျမ်းကျိန်ရပါတယ်။ ကျွန်တော်သည် အိမ်ထောင်မရှိ လူပျိုဖြစ်ကြောင်းပေါ့လေ။ ကျမ်းကျိန်ရပါတယ်။ အဲဒီအခါမှာ တရားသူကြီးကလည်း လာပြီးတော့ကျမ်းကျိန်နေတဲ့လူဟာ ဒီလူမှန်ပါတယ်။ သူရှေ့မှာ ကျမ်းကျိန်တာမှန်ပါတယ်ဆိုပြီးတော့ မှတ်ပုံတင်နဲ့တိုက်ဆိုင်ပြီးတဲ့အခါမှာ တုံးထုပေးလိုက်ပါတယ်။ သူ့ရှေ့မှာ တံဆိပ်တုံးထုပေးလိုက်ပါတယ်။ အဲဒီကျလို့ရှိရင် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အလုပ်တစ်ခု ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ authentication လုပ်တာလို့ခေါ်ပါတယ်။ ဘယ်လိုခေါ်လဲ

ဆိုတော့ ကျွန်တော်တို့တိုင်းပြည်က တရားသူကြီး၊ ကျွန်တော်တို့တိုင်းပြည်က ရှေ့နေ၊ ကျွန်တော်တို့ တိုင်းပြည်က ဝန်ကြီးဌာနတစ်ခုခုရဲ့တံဆိပ်တုံးဟာ မြန်မာနိုင်ငံက တံဆိပ်တုံးဖြစ်ကြောင်းကို နိုင်ငံခြား ရေးဝန်ကြီးဌာနက အတည်ပြုပေးရပါတယ်။ ဒါ နိုင်ငံတိုင်းမှာ ဒီလိုပဲလုပ်ကြပါတယ်။ အဲဒီအခါမှာ ဘာတွေရေးသလဲဆိုရင် နိုင်ငံတကာမှာဆိုရင် အပေါ်မှစာသားများနှင့် သူနဲ့မဆိုင်ပါဘူး။ ဒီတံဆိပ်တုံး သာလျှင် မြန်မာနိုင်ငံက တံဆိပ်တုံးဖြစ်ကြောင်း၊ မှန်ကန်ကြောင်းဆိုပြီးတော့ သူကထုပေးရပါတယ်။ အဲဒီအခါကျတော့ အခုကျတော့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဒါကို ငြင်းပါတယ်။ ငြင်းတဲ့အခါကျတော့ ဘာဖြစ်လာသလဲဆိုတော့ ကျွန်တော်တို့ မြန်မာမလေးတွေ၊ မြန်မာလေးတွေ နိုင်ငံခြားမှာ အကြောင်း တိုက်ဆိုင်လို့ လက်ထပ်ကြတော့မယ်ဆိုရင် ဒီစာရွက်မရဘူး။ မရတော့ ဘာဖြစ်လဲ။ မြန်မာမတွေဟာ တော်ပြောင်တို့၊ ကျွန်မယားတို့၊ ကိုယ်လုပ်တော်တို့ဘဝကို ရောက်သွားတယ်။ တရားဝင်လက်ထပ်လို့ မရဘူး။ တရားဝင်အမွေဆက်ခံခွင့်မရဘူး။ မွေးလာတဲ့ကလေးတွေက ဥပဒေအရ အခွင့်အရေးမရှိဘူး။ အဲဒီတော့ အဲဒါကို ဖြစ်နေတယ်။ ဖြစ်နေတဲ့အတွက် ကျွန်တော်ဒီမေးခွန်းကို မေးရခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ နိုင်ငံသားများရဲ့ အခွင့်အရေးနှင့်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်အခန်းရဲ့ ပုဒ် ၃၅၃ မှာ မည်သူကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကို ဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ၊ နောက်တစ်ခါ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းရဲ့ အပိုဒ် ၁၆ မှာ အရွယ်ရောက်ပြီးသော ယောကျ်ား၊ မိန်းမတိုင်း မိမိ ဆန္ဒဖြင့် လက်ထပ်ခွင့်၊ အိမ်ရာထူထောင်ခွင့်ရှိတယ်လို့ ပြောပါတယ်။ နောက်တစ်ခါ ပဋိညာဉ်ဥပဒေ ပုဒ်မ ၂၆ မှာလည်း လက်ထပ်ဖို့ကိုငြင်းတဲ့၊ ဆန့်ကျင်တဲ့ဟာသည် ဒီပဋိညာဉ်ဟာ Void Agreement ပျက်ပြယ်တဲ့စာချုပ်ဖြစ်ပါတယ်။ အခုအခါမှာတော့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီလိုမထုတ်ပေးတဲ့ အတွက် မြန်မာနိုင်ငံသားများက အလွန်ပဲနစ်နာပါတယ်။ အချို့ ယောကျ်ားလေးတွေဆိုရင် Social Visa မရတာတို့၊ မိန်းမယူမှ Social Visa ရပါတယ်။ အဲဒီလိုနစ်နာပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ တကယ်တမ်းပြန်စဉ်းစားကြည့်ရင် ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဒီနေ့မဲပေးခဲ့တဲ့ မဲဆန္ဒရှင်တွေကိုကြည့်မယ်ဆိုရင် ကမ္ဘာမှာအလွန်အထူးဆန်းဆုံး ဆန္ဒရှင်တွေက မဲပေး သွားပါတယ်။ အမေရိကန်လို ဒီမိုကရေစီမှာသိပ်ဖွံ့ဖြိုးပါတယ်ဆိုတဲ့ တိုင်းပြည်မှာတောင်မှ မဲပေးမှုကို စိတ်မဝင်စားကြဘူး။ ကျွန်တော်တို့ ယခု တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံခြားရောက်မြန်မာတွေက ပလက်ဖောင်းကို ခေါင်းအုံးလုပ်ပြီးတော့ သူတို့ မဲပေးခဲ့ကြတယ်။ သူတို့ ကျွန်တော်တို့ကို ထောက်ခံ ခဲ့ကြတယ်။ ကျွန်တော်တို့ သူတို့ကို ဘာပြန်ပေးမှာလဲ။ ဒါကြောင့်မို့လို့ ကျွန်တော်ပြောချင်တာကတော့ ဒီ

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒီအပိုျ လူပိုျဖြစ်ကြောင်း ကျမ်းကျိန်လွှာပေါ်မှာ အန်တက်ဒီကေးရှင်း ထောက်ခံချက်ပေးခြင်းအပေါ်ကို ငြင်းဆန်နေခြင်းကို ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိ သိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်တင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်မှ မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ သူရှင်းလင်းပြောကြားချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့လည်း သဘောဆန္ဒချင်းတူညီနေတာကို တွေ့ရှိရပါတယ်။ ဒါပေမဲ့လို့ ဘာကြောင့် ဒီလိုဖြစ်နေရတယ်ဆိုတဲ့အခြေအနေကို ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြသွားလိုပါတယ်။ ပြည်ပသို့သွားရောက်မယ့် ဒီမြန်မာနိုင်ငံသားတွေ ပြည်ပမှအသုံးပြုရန်အတွက် စာမေးပွဲအောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ အမှတ်စာရင်း၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ လက်ထပ်စာချုပ်၊ မွေးစာရင်းစတဲ့ စာရွက်စာတမ်းတွေကို အစိုးရဌာနဆိုင်ရာ အစိုးရအဖွဲ့အစည်းတွေက ထုတ်ပေးထားတဲ့ တရားဝင်စာရွက်စာတမ်းမှန်သမျှကို ပြည်ထောင်စုတရားရုံးမှ အသိအမှတ်ပြုထားတဲ့ နိုတြီပဗ္ဗလစ်ရှေ့နေကနေပြီးတော့ ဘာသာပြန်ဆိုပြီးတော့ ထောက်ခံပေးထားတဲ့ စာရွက်စာတမ်းတွေအပေါ်မှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနကနေပြီးတော့ အဆိုပါနိုတြီပဗ္ဗလစ်ရှေ့နေရဲ့ တံဆိပ်နှင့် လက်မှတ်မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံမှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ကျမ်းကျိန်လွှာများကို နိုတြီထပ်ဆင့်ထောက်ခံချက်ပေးရာမှာ သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် တိုင်းတရားရုံးများမှ ပြုလုပ်ပေးတဲ့ တရားဝင်စာရွက်စာတမ်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အပိုျ လူပိုျဖြစ်ကြောင်း ကျမ်းကျိန်လွှာများကိုလည်း ယခင့် ယခင်က ထုတ်ပေးခဲ့ဖူးတဲ့ အစဉ်အလာရှိပါတယ်။

အခု နောက်ပိုင်းမှာ ဘာကြောင့်မထုတ်ပေးရတာလဲဆိုတဲ့အချက်နဲ့ပတ်သက်ပြီးတော့ အသေးစိတ်ရှင်းလင်းသွားလိုပါတယ်။ အပိုျ လူပိုျဖြစ်ကြောင်း ကျမ်းကျိန်လွှာပြုလုပ်သူ အထူးသဖြင့်

အပျိုဖြစ်ကြောင်း ကျမ်းကျိန်လွှာပြုလုပ်သူအများစုဟာ ပြည်ပနိုင်ငံများမှာ နိုင်ငံခြားသားများနှင့် လက်ထပ်ထိမ်းမြားဖို့အတွက် ရည်ရွယ်ချက်နှင့် ပြုလုပ်ကြသူများဖြစ်ပါတယ်။ အဓိကအားဖြင့် အပျို ဖြစ်ကြောင်း နိုတြီထောက်ခံချက်တောင်းခံမှုများဟာ အများအားဖြင့် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ထိုင်း၊ မလေးရှားနိုင်ငံတို့က နိုင်ငံခြားသားများနှင့် လက်ထပ်ပြီးတော့ ခေါ်ဆောင်သွားရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ကြခြင်းဖြစ်တာကို တွေ့ရှိရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်ကနေပြီးတော့ နိုင်ငံခြားသားများ နှင့် အမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်းကိစ္စနှင့်ပတ်သက်ပြီးတော့ လမ်းညွှန်ချက်တစ်ခု ထုတ်ပြန်ခဲ့ ပါတယ်။ ဒီနေရာမှာ အချို့သော နိုင်ငံခြားသားတွေဟာ မြန်မာနိုင်ငံမှာရှိတဲ့ လူပွဲစားများနှင့်ဆက်သွယ် ပြီးတော့ မြန်မာအမျိုးသမီးတွေကို နည်းအမျိုးမျိုးဖြင့် ဖျားယောင်းသွေးဆောင်ကာ တရားရုံးမှာ လင်မယားအဖြစ် လက်ထပ်ကြောင်း ကျမ်းကျိန်လွှာပြုလုပ်ပြီးတဲ့အခါမှာ နိုင်ငံခြားကိုခေါ်ဆောင်သွား ကြပါတယ်။ အဲဒီလိုခေါ်ဆောင်သွားပြီးတော့ ပြည်ပသို့ ခေါ်ဆောင်သွားခံရသူများဟာ ပြည်ပသို့ မရောက်မီဌပင် မလိုလားအပ်သောပြဿနာတွေနဲ့ တွေ့ကြုံရပြီးတော့ ပြည်ပရောက်ရှိသွားတဲ့အခါမှာ လည်း မြန်မာအမျိုးသမီးများဟာ ဒုက္ခ၊ သုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်တွေ့ကြုံနေရကြောင်း အဲဒီညွှန်ကြား ချက်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ မြန်မာအမျိုးသမီးများအား ငွေကြေးဖြင့် ဖျားယောင်း သွေးဆောင်၍ အမျိုးသားဂုဏ်သိက္ခာကိုစောင့်ထိန်းခြင်းမရှိဘဲ နိုင်ငံခြားသားဖြင့် လက်ထပ်စေကာ ပြည်ပသို့ခေါ်ဆောင်သွားသော အစီအစဉ်များပြုလုပ်လျက်ရှိကြသဖြင့် မြန်မာအမျိုးသမီးများ အတိ ဒုက္ခရောက်ကာ ဘဝဆုံးရှုံးကြမည့်အန္တရာယ်ကို ကျွန်တော်တို့ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ကာကွယ်ကြရမှာဖြစ်ကြောင်း ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံသား အမျိုးသမီးတစ်ဦးအား နိုင်ငံခြားသားတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ကြောင်း ကျမ်းကြိမ်လွှာပြုလုပ်ပေးရန် တင်ပြလာပါက မည်သည့်တရားရုံးကမှ ဆောင်ရွက်ပေးခြင်းမပြုရန် ညွှန်ကြားထားပါတယ်။ ဒါကြောင့် အဲဒီညွှန်ချက် အရ ကျွန်တော်တို့အနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက အထက်အဖွဲ့အစည်းတွေရဲ့လမ်းညွှန်ချက် အတိုင်း ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာအမျိုးသမီးများဟာ အချို့သော နိုင်ငံခြားသားများနှင့် လက်ထပ်ပြီးတော့ ပြည်ပသို့လိုက်ပါသွားရောက်ပြီးတဲ့နောက်မှာ အကြောင်း အမျိုးမျိုးကြောင့် ဖြစ်ပေါ်လာနိုင်တဲ့အန္တရာယ်မှ တားဆီးကာကွယ်တဲ့အနေဖြင့် ထိုသို့သော ကျမ်းကျိန် လွှာများလုပ်ဆောင်လာပါက ဆောင်ရွက်ပေးခြင်းမပြုဖို့အတွက် ပြည်ထောင်စုတရားရုံးချုပ်ရဲ့ ညွှန်ကြားချက်အမှတ်(၂/၉၈) အရ ကျွန်တော်တို့အနေနဲ့ လိုက်နာဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**မူကြမ်း**

ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ အပျို၊ လူပျိုဖြစ်ကြောင်း ထောက်ခံပေးခြင်း မပြုသော်လည်းပဲ ပြည်ပနိုင်ငံများမှာရှိတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ လက်ထပ်တဲ့အခါမှာ အခက်အခဲမဖြစ်စေဖို့အတွက် မိဘအုပ်ထိန်းသူရဲ့ လက်အောက်မှာ ကောင်းမွန်စွာနေထိုင်လျက်ရှိပါကြောင်း ကျမ်းကျိန်လွှာမျိုးကိုတော့ ကျွန်တော်တို့အနေဖြင့်ထပ်ဆင့်ထောက်ခံပေးခြင်းအားဖြင့် ဖြေလျှော့ပြီးတော့ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် ပြည်ပနိုင်ငံများမှာ အလုပ်လုပ်ကိုင်ရန်သွားရောက်ကြမယ့်၊ ပြည်ပမှာလုပ်မယ့် လုပ်ငန်းသဘောအရလည်းကောင်း၊ ပညာသင်သွားရောက်မည့် ကျောင်းသားများရဲ့သတ်မှတ်ချက်များအရသော်လည်းကောင်း အပျို၊ လူပျိုဖြစ်မှသာလက်ခံမယ့်အခြေအနေများနှင့်ပတ်သက်ပြီးတော့ ဥပမာ - လေယာဉ်မယ်၊ လေယာဉ်မောင်၊ သူနာပြုစတဲ့ လုပ်ငန်းအမျိုးအစားတွေအတွက်ကို သက်ဆိုင်ရာလုပ်ငန်း သို့မဟုတ် ကျောင်းတွေကနေပြီးတော့ ကမ်းလှမ်းမှုရှိလာပါက ပုဂ္ဂိုလ်ရေးအရ နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် ရည်ရွယ်ချက်ဖြင့် ချွင်းချက်အနေနဲ့ အပျို၊ လူပျိုဖြစ်ကြောင်း ထပ်ဆင့်ထောက်ခံချက်များကို စိစစ်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် လူကုန်ကူးမှုတားဆီးရေး၊ မြန်မာအမျိုးသမီးများအား ဖျားယောင်းသွေးဆောင်ကာကွယ်တားဆီးရေးကို အဲဒီလုပ်ငန်းတွေမှာ အထောက်အကူဖြစ်စေနိုင်သော်လည်းပဲ တစ်ဖက်မှာ အခုနက လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ပြောသွားသလို အဲဒီမှာ အပျို၊ လူပျိုဖြစ်ကြောင်း ထောက်ခံစာမရရှိတဲ့အတွက် လက်ထပ်ခွင့်ဆုံးရှုံးနေတဲ့သူများကို ကာကွယ်ပေးရန်လည်းလိုအပ်နေကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုတားမြစ်ထားတဲ့ တရားရုံးချုပ်ရဲ့ ညွှန်ကြားချက်ကို ယနေ့ အစိုးရသစ်လက်ထက်မှာ ဖွဲ့စည်းပုံပါအခြေခံဥပဒေနှင့်အညီ ကိုက်ညီမှုရှိ/မရှိ ပြန်လည်စိစစ်ပြင်ဆင်ရေးအတွက် ကျွန်တော်တို့အနေနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ သဘောသဘာဝဟာ နိုင်ငံတော်ရဲ့ အထက်အာဏာပိုင်အဖွဲ့အစည်းတွေ ချမှတ်ပေးထားတဲ့လမ်းညွှန်ချက်တွေ၊ ဥပဒေတွေ၊ ညွှန်ကြားချက်တွေနှင့်အညီ အကောင်အထည်ဖော်ပေးရတဲ့ဌာနတစ်ခုသာဖြစ်ပါတယ်။ ဒါကြောင့် အထက်သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို ခေတ်နှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်မယ်ဆိုလို့ရှိရင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ဒီကိစ္စကိုပြင်ဆင်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးချုပ်က ညွှန်ကြားချက်ဆိုတာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ကျော်လား၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျော်လား၊ ပြဋ္ဌာန်းထားတဲ့ဥပဒေကို ကျော်မလား။ ကျွန်တော်တို့ ဒီဥစ္စာက ဒီလို ဒီတရားရုံးချုပ်က ညွှန်ကြားချက်ရှိတာနဲ့ မပေးရဘူးဆိုတာဟာ တရားရုံးချုပ်ကိုယ်တိုင်က ဥပဒေကိုချိုးဖောက်နေတာ။ ဒါ ကျွန်တော်တို့က ရိုးရိုးလေးသုံးသပ်ရမယ်။ အဲဒီတော့ အခုလည်း ကျွန်တော်က သိချင်တာက ပြန်သုံးသပ်ပါ့မယ်ဆိုတာ ကျွန်တောတို့ ဘယ်လောက်အထိ စောင့်ရမှာလဲ။ ကျွန်တော်တို့ မျက်စိရှေ့ထင်ကို ကောင်မလေးတွေ ယောကျ်ားတွေက ယူချင်လွန်းလို့ မက်မက်စက်စက်နဲ့ သူ့မှာကျမ်းကျိန်ဖို့လာပြော။ ဒီက ဘာမှမလုပ်ပေးနိုင်ဘူး။ နောက်ဆုံးကြတော့မှ တိတ်တိတ်ပုန်းမယားတွေ ဖြစ်ကုန်တယ်။ ကိုယ်သားသမီးတာဆို ဘယ်လိုခံစားရမလဲ။ ဒါကို ကျွန်တော်တို့ စဉ်းစားရပါမယ်။ ယောကျ်ားလေးတစ်ယောက်ဆို ကျွန်တော့်ကို အမြဲဖုန်းဆက်တယ်။ ဆရာရယ် ကျွန်တော် မြန်မာပြည်ကို ပြန်မယ်။ Social Visa ယူလို့မရဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်က မိန်းမတရားဝင်ယူလို့မရဘူး။ ကျွန်တော်တို့ မြန်မာတွေက နိုင်ငံခြားသွားပြီးတော့ Passport ကနီနီ၊ တိုင်းပြည်ကမွဲမွဲ၊ လူက တရားမဝင်မယား။ ဖြစ်နေတဲ့ပုံစံက အများကြီးပဲ ယိုးဒယားမှာဆိုရင် ကျွန်တော့်ကို ဒီသတင်းတွေပေးတဲ့ အချိန်မှာ ဒီနိုင်ငံခြားရေးဝန်ကြီးဌာနကပဲ ကျွန်တော့်ကိုပေးတာ။ ဒီ ယိုးဒယားနိုင်ငံခြားရေးဝန်ကြီးဌာန ကနေပြီးတော့ အဲဒီလူက ကျွန်တော့်ကို ပြောပြတာ။ ဆရာရယ် ဟိုမှာ ဒီလိုဒုက္ခတွေဖြစ်နေပါတယ်။ ဆရာတို့ လွှတ်တော်အမတ်တွေမေးပေးပါလားဆိုလို့။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တစ်စပ်တည်းကို မေးပါ။ ဘာမေးချင်တာလဲ မေးချင်တာကိုမေးပါ။ မေးချင်တာကိုပဲ မေးလိုက်ပါ။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ အဲဒီတော့ ကျွန်တော် သိချင်တာက ဘယ်တော့ ဒီဥစ္စာကို ဆုံးဖြတ်မှာလဲ။ သူက ဘာဖြစ်လို့လဲဆိုတော့ အခုထက်ထိ သူက ဖြေလျှော့မယ်လို့ပဲ လာတယ်။ ပြတ်ပြတ်သားသားပြောတာ ကျွန်တော် မတွေ့ဘူးခင်ဗျား။ အဲဒါကြောင့် ကျွန်တော် မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်တင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေရဲ့ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်တဲ့ဌာနသာဖြစ်ပါတယ်။ အဲဒီတော့ ဒီလမ်းညွှန်ထားချက်တွေဟာ ခေတ်နဲ့၊ စနစ်နဲ့မညီဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီဘူးဆိုလို့ရှိရင် ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ အထက်အဖွဲ့အစည်းတွေကို ဆက်လက်ပြီး အမြန်ဆုံးတင်ပြပြီးတော့ ပြန်လည်သုံးသပ်ဖို့ တင်ပြသွားမှာဖြစ်ပါတယ်။ ဒီသက်ဆိုင်ရာ တရားရုံးကနေပြီးတော့ အဲဒီညွှန်ကြားချက်ကို ပြင်ဆင်ပေးတာနဲ့ ကျွန်တော်တို့အနေနဲ့ ချက်ချင်းအကောင်အထည်ဖော်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ သစ္စာလမ်းနှင့် ဝေဇန္တရာလမ်းထောင့်ရှိ အားကစားပန်းခြံအား မူလအတိုင်း ပြန်လည်ခွင့်ပြုပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြု နှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ သစ္စာလမ်းနှင့် ဝေဇန္တရာလမ်း ထောင့်ရှိမြေကွက်အား ၁၉၅၈ ခုနှစ် မြို့နယ် စတင်တည်ထောင်စဉ်ကပင် အားကစားပန်းခြံအဖြစ် တည်ရှိခဲ့ပါတယ်။ ၎င်းမြေကွက်ကို ၁၉၉၀ ခုနှစ်လောက်မှာ အသင်းတစ်ခုကရယူပြီး ဆိုင်ခန်းများ ဆောက်လုပ်ငှားရမ်းခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်လောက်မှာတော့ ပါတီတစ်ခုကနေပြီးတော့ ကွန်ဒို ဆောက် လုပ်ဖို့စီစဉ်ခဲ့ပါတယ်။ ထိုကဲ့သို့ ကွန်ဒိုဆောက်လုပ်ဖို့ စီစဉ်နေစဉ်မှာပင် တောင်ဥက္ကလာပ ပြည်သူများက ဝိုင်းဝန်းကန့်ကွက်ဆန္ဒပြလို့ ဒီတည်ဆောက်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပါတယ်။ ၎င်းအား ကစားပန်းခြံနှင့်ပတ်သက်ပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ အားကစားပန်းခြံအဖြစ် ပြန်လည်ခွင့်ပြုပေးဖို့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ကျွန်တော်မေးမြန်းခဲ့ပါတယ်။ ပါတီတစ်ခု၏အမည်ဖြင့် မြေငှားစာချုပ်ပေးထားပြီးဖြစ်ကြောင်း ရန်ကုန်မြို့တော်၊ စည်ပင်သာယာရေး ဝန်ကြီး၏အဖြေကို ပြည်ထောင်စု

ဝန်ကြီးများ ဖြေကြားခဲ့ပါတယ်။ ကျွန်တော့်အနေဖြင့် နိုင်ငံရေးပါတီ များ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးဖို့ ဆက်စပ်မေးခွန်းအဖြစ် တင်ပြခဲ့တဲ့အခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စီစစ်ဆုံးဖြတ်ချက်အရသာ ပြန်လည်ဆောင်ရွက်နိုင်ပြီဖြစ် ပါကြောင်း အကြောင်းပြန်ဖြေကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီမြေကွက်ဟာ မြို့စတင်တည်ထောင်စဉ်ကပင် ကလေးအားကစားပန်းခြံအဖြစ် တည်ရှိခဲ့တယ်ဆိုတာကို တောင်ဥက္ကလာပမြို့နယ်မှာ နေထိုင်တဲ့ အသက် ၄၅ နှစ်ကျော်တဲ့ ပြည်သူများအားလုံး သိရှိကြပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးဆေးရုံမှာ မွေးဖွားခဲ့တာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းမြေနေရာအား မူလအတိုင်း အားကစားပန်းခြံအဖြစ် ပြန်လည်ခွင့်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဝန်ကြီးများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်တို့ကော်မရှင်ရဲ့ တာဝန်ပေးချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်ရဲ့ မေးခွန်းက တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ သစ္စာလမ်းနှင့် ဝေဇန္တရာလမ်းထောင့်မှာရှိတဲ့ အားကစားပန်းခြံ ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပေးမယ်လို့ ပြည်ထောင်စုဝန်ကြီးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ဖြေကြားခဲ့ပါတယ်။ ဖြေကြားခဲ့တဲ့အပေါ်မှာ နိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ အဲဒီပန်းခြံကို မူလအတိုင်း ပြန်လည်ခွင့်ပြုပေးပါရန်ဆိုတဲ့အချက်နဲ့ ဘယ်လိုစီစဉ် ထားတယ်ဆိုတဲ့အချက်ကို မေးမြန်းထားခြင်းဖြစ်ပါတယ်။ အဲဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကော်မရှင် အနေနဲ့ဖြေရရင်တော့

အဲဒီမြေဟာ အဲဒီမြေနဲ့ပတ်သက်ပြီးတော့ စီမံခန့်ခွဲခွင့်ရှိတဲ့၊ စီမံခွင့်ရှိတဲ့ ဌာန အဖွဲ့အစည်းကဖြစ်စေ၊ တရားရုံးကဖြစ်စေ အဆိုပါမြေနဲ့ပတ်သက်ပြီးတော့ အဆုံးအဖြတ်ပြုနိုင်ပါ တယ်။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ကတော့ အဲဒီဆုံးဖြတ်ချက်အပေါ်မှာပဲ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါတယ်။ ဒါကို အသေးစိတ်ထပ်မံပြီးတော့ တိတိကျကျပြောရရင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရရှိတဲ့အတွက် အဲဒီဥပဒေရဲ့ ပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၅) မှာ ပါပါတယ်။ နိုင်ငံတော်ရဲ့မြေကို တိုက်ရိုက်ဖြစ်စေ၊ Directly, Indirectly ရယူထားတယ်ဆို လို့ရှိရင် ပါတီအဖြစ်က အဲဒီပါတီကို ဖျက်ရမယ်။ ဖျက်သိမ်းနိုင်တယ်ဆိုတဲ့ပုဒ်မရှိပါတယ်။ အဲဒီမှာ ထပ်ပြီးတော့ ပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၅)ရဲ့ ခြွင်းချက်(၂)မှာပါပါတယ်။ အဲဒါကတော့ ဒီပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကို နိုင်ငံတော်အစိုးရကဖြစ်စေ၊ နိုင်ငံတော်အစိုးရကနေပြီးတော့ သူ့ကို တရားဝင်ခွင့်ပြု ထားတယ်။ နောက်တစ်ခါ Lease from the Union on Payment လို့ အဲဒီလိုသုံးပါ တယ်ခင်ဗျား။ နိုင်ငံတော်က ဒါကြီးကို Lease အငှားချထားတဲ့မြေ၊ ဂရန်လည်းကျပြီးပါပြီဖြစ်တဲ့အတွက် အဲဒီခြွင်းချက်(၂)အရ ကျွန်တော်တို့ လုပ်ပိုင်ခွင့်မရှိပါဘူး။ ပုဒ်မခွဲငယ် (၅) နှင့် ဆက်စပ်မှု၊ ငြိစွန်းမှု မရှိပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ ဒီပြောခဲ့တဲ့ဂရန်ကိစ္စနဲ့ပတ်သက်လို့ နိုင်ငံတော်က ဂရန်ချပေး ပြီးရင် အငှားဂရန်ချပေးပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ကော်မရှင်အနေနဲ့တော့ ဒီကိစ္စဆောင်ရွက် ပိုင်ခွင့်မရှိပါဘူး။ အဲဒီတော့ သက်ဆိုင်ရာအဖွဲ့အစည်းအနေနဲ့ ဒီမြေဟာ နိုင်ငံတော်ပိုင်မြေဖြစ်တယ်။ ဂရန်ကိုဖျက်ပြီးရင်တော့ ကျွန်တော်တို့နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ် မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီပန်းခြံပြန်ရဖို့ကို တောင်ဥက္ကလာပပြည်သူတွေဟာ အရင်တုန်းက အကြိမ်ကြိမ်ဆန္ဒပြခဲ့ကြပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်အပြီး ပြည်သူလူထုနဲ့ တွေ့ဆုံပွဲမှာလည်း အဲဒီပန်းခြံနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စိစစ် ဆုံးဖြတ်ချက်အရ ဆောင်ရွက်မယ်လို့ မြို့တော်စည်ပင်က ဖြေကြားတဲ့အကြောင်း ပြည်သူလူထုကို ပြောတဲ့အခါကျတော့ ပြည်သူလူထုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို လက်မှတ်ရေးထိုး တင်ပြမယ်လို့ ပြောကြားကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အနည်းငယ် သုံးခွင့် ပြုပါခင်ဗျား။ ဒီပုံတွေကတော့ ဒီရက်ပိုင်းအတွင်းမှာပဲ ပြည်သူ ၁၀၀၀ နီးပါးက ပြည်ထောင်စု

ရွေးကောက်ပွဲကော်မရှင်ကို ဒီအားကစားပန်းခြံကို ပြန်လည်ခွင့်ပြုထားဖို့၊ ခွင့်ပြုပေးဖို့ တင်ပြထားတာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ အခန်း(၂)မှာလည်း နိုင်ငံတော်ပိုင်ပစ္စည်း၊ အဆောက်အဦတွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူခြင်းမရှိရလို့လည်း ပါရှိပြီးဖြစ်ပါ တယ်။ ဒါကြောင့်မို့ ဒီပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ အားကစားပန်းခြံလေးကို ပြန်လည်ခွင့်ပြုပေးဖို့ လေးလေးနက်နက်ပြန်လည်စဉ်းစားပေးပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။ မိုက်ပိတ်ပါ။

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ဒီကိစ္စက မြေစီမံခန့်ခွဲပိုင် ခွင့်ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ကတော့ ဆောင်ရွက်ပိုင်ခွင့်မရှိဘူးလို့ ကျွန်တော်ကတော့ အဲဒီလိုပဲ ရှင်းရှင်းလင်းလင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အကယ်၍ မြေပိုင်ဆိုင်ခွင့်ထက်ပတ်သက်ပြီးတော့ ဒီဂရန်ကို ဖျက်ဖျက်ပြီးပြီ ဆိုရင်တော့ နိုင်ငံတော်ပိုင်မြေဖြစ်သွားပါတယ်။ အဲဒီအပေါ်မှာ ကျူးကျော်ဝင်ရောက်နေထိုင်တယ် ဆိုရင်တော့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ကျွန်တော်တို့ ဆက်လက်အရေးယူ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပေးတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မြန်မာနိုင်ငံရှိ ရဲဘက်စခန်းများအား ဖျက်သိမ်းရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော်က နိုင်ငံတစ်နံတစ်လျားမှာရှိနေတဲ့ ရဲဘက်စခန်းတွေနဲ့ပတ်သက်ပြီးတော့ မေးခွန်းတစ်ခု မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ၁၉၇၀ နှစ်လယ်လောက်တုန်းက ကျောင်းသားနိုင်ငံရေးအကျဉ်းသားဘဝနဲ့ အင်းစိန်ထောင်ထဲမှာ နေခဲ့ ရပါတယ်။ အဲဒီတုန်းက ရဲဘက်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့တွေ့ကြုံခဲ့ရတာရှိပါတယ်။ ရဲဘက်တွေ၊ ရာဇဝတ်အကျဉ်းသားတွေကို ရဲဘက်မကြာမကြာထုတ်ပါတယ်။ ရဲဘက်ထုတ်တဲ့အခါ

သံခြေကျင်းတွေခတ်ပြီးတော့ အုပ်စုလိုက်အုပ်စုလိုက် ထွက်သွားပါတယ်။ တစ်နေ့ကျတော့ ကျွန်တော်နဲ့ထောင်ထဲမှာမှရင်းနှီးတဲ့ ရာဇဝတ်အကျဉ်းသားတစ်ယောက် ရဲဘက်စခန်းပါသွားပါတယ်။ နောက် ခြောက်လလောက်နေတော့ ပြန်လာပါတယ်။ ပြန်လာတော့ ကျွန်တော့်ကိုခေါ်တော့ မမှတ်မိတော့ ပါဘူး။ ဘယ်လိုဖြစ်သွားလဲဆိုတော့ တစ်ကိုယ်လုံးမှာ ဝဲတွေ၊ ပွေးတွေပေါက်နေပါတယ်။ ကတိုး၊ မျက်နှာတွေရော၊ ခြေတွေ၊ လက်တွေ အကုန်လုံးဖောရောင်နေပါတယ်။ ကျွန်တော် သူ့ကို ခြောက်လလောက်အတွင်းမှာ မမှတ်မိလောက်အောင်ဖြစ်သွားပါတယ်။ သူဆေးရုံမှာ ဆေးရုံက လူနာတွေစားဖို့ ချက်တဲ့ဟင်းသီးဟင်းရွက်တွေ အဲဒီအမှိုက်ပုံပြစ်ထားတဲ့ထဲက၊ အမှိုက်ပုံထဲက ကောင်းတာလေးတွေရွေးစား အဲဒီလိုရှာဖွေပြီးတော့စားသောက်ရတဲ့အဆင့်ကို ကျွန်တော်တို့မျက်မြင် ကိုယ်တွေ့ပါ။ အဲဒီတော့ သိပ်မကြာခင် သူကွယ်လွန်သွားပါတယ်။ အဲဒီလိုကွယ်လွန်သွားတဲ့ ရဲဘက်တွေ တော်တော်များများ ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ အဲဒီတော့ နောက်ပိုင်း ၁၉၈၈ ခုနှစ်နောက်ပိုင်းကျတဲ့အခါကျတော့ ရဲဘက်တွေမှာ ကျွန်တော်တို့ ရာဇဝတ်အကျဉ်းသားတွေ သာမကဘူး။ နိုင်ငံရေးအကျဉ်းသားတွေပါ ရဲဘက်ခေါ်တယ်ဆိုတဲ့သတင်းတွေ ကျွန်တော်တို့ ကြားရပါ တယ်။ အဲဒီကျတော့လည်း အခြေအနေတွေ တော်တော်ဆိုးတယ်ဆိုတဲ့သတင်းတွေ ကျွန်တော်တို့ ကြားရပါတယ်။ သို့သော် ဒီဘက် ICRC တွေ ဝင်လာပြီးနောက်ပိုင်းမှာတော့ အခြေအနေတွေဟာ တော်တော်လေး တိုးတက်လာတယ်ဆိုတာ ကြားရပါတယ်။ သို့သော် ရဲဘက်ဆိုတာကတော့ အင်းစိန် ထောင်ထဲမှာတွေ့ရတာကတော့ ပြစ်မှုကြွေးကို ချေးဖြင့်ဆပ်မည်ဆိုပြီးတော့ ဒီအကျဉ်းသားတွေရဲ့ လုပ်အားကို နိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချတာပေါ့လေ။ ဒါမျိုးတွေကို ကျွန်တော်ရဲ့ဗဟုသုတအရ တွေ့မိတာကတော့ အရင်တုန်းက နာဇီခေတ်ကတွေ့ဖူးတယ်။ ဆိုဗီယက်ခေတ်က ဆိုက်ဗေးရီးယားကိုပို့တဲ့ Concentration Camp တွေ၊ နောက်ပြီးတော့ ကမ္ဘောဒီးယားမှာ ခမာနီခေတ်ကနေပြီးတော့ အဲဒီမှာလုပ်ခဲ့တာတွေ တွေ့ဖူးတယ်။ အဲဒီတော့ အဓိက ကတော့ အာဏာရှင်၊ ကွန်မြူနစ်အာဏာရှင်တွေခေတ်မှာပဲ တွေ့ခဲ့ဖူးပါတယ်။ အဲဒီတော့ အခု ကျွန်တော်တို့ကတော့ အခုချိန်မှာတော့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နေပါတယ်။ ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်နေတဲ့အခါမှာ အခြားသောဒီမိုကရေစီနိုင်ငံတွေမှာ ဒီလိုအကျဉ်းသားတွေရဲ့ လုပ်အားကို ရယူတာမျိုးရှိ/မရှိဆိုတာတော့ ကျွန်တော်တို့ရဲ့ ဗဟုသုတအရ ကျွန်တော်မသိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒီမိုကရေစီနိုင်ငံတစ်ခုကို သွားနေတဲ့အချိန်မှာ ဒီလိုအကျဉ်း သားတွေရဲ့လုပ်အားကို ရယူပြီးတော့ နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို

လုပ်တာကမသင့်တော်ဘူးလို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီရဲဘက်စနစ်ပေါ့။ ရဲဘက်အကျဉ်းသားတွေရဲ့ လုပ်အားကိုရယူတဲ့စနစ်၊ ရဲဘက်စခန်းတွေကို ဒီမိုကရေစီလျှောက်လှမ်းနေတဲ့ အစိုးရလက်ထက်မှာ ဖျက်သိမ်းသွားဖို့ အစီအစဉ်ရှိ/မရှိဆိုတာကို ကျွန်တော် သိလိုပါတယ်။ ကျွန်တော်လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီး ဌာနဟာ အင်္ဂလိပ်နယ်ချဲ့၏ ကိုလိုနီအုပ်ချုပ်ရေးစနစ်နဲ့အတူ စတင်ပေါ်ပေါက်လာခဲ့ပါတယ်။ ကိုလိုနီ ခေတ်မှာ ရက်စက်ကြမ်းကြုတ်ခြင်းဟာ ရာဇဝတ်မှုမဖြစ်စေနိုင်ဟူသော အယူအဆနှင့်ဖိနှိပ်ကွပ်မျက် ရေးကို ကိရိယာအဖြစ်အသုံးပြုခဲ့ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ လွတ်လပ်ရေးရပြီး တဲ့နောက် ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက် ပြစ်မှုကြွေးချေဖြင့်ဆပ်မည် ဆိုတဲ့ဆောင်ပုဒ်ဖြင့် အလုပ်စခန်းများပေါ်ပေါက်ပြီး အလုပ်စခန်းရှိ အကျဉ်းသားများကို ရဲဘက်ဟူသော တရားဝင်ထုတ်ပြန်ထားခြင်းမရှိတဲ့ အခေါ်အဝေါ်တွေလည်း ပေါ်ပေါက်လာခဲ့ကြောင်းတွေ့ရှိရပါတယ်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပြီး အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး မိမိဘဏ္ဍာငွေဖြင့် ကိုယ်ပိုင်ရပ်တည်ပြီး လုပ်ငန်းများတိုးချဲ့ လုပ်ကိုင်ခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ ၁၉၉၉ ခုနှစ်နောက်ပိုင်းမှာတော့ အကျဉ်းထောင်၊ အကျဉ်းစခန်းများကို အကျင့်စာရိတ္တပြုပြင်ရေး စခန်းများအဖြစ် ပြောင်းလဲလာစေရန်အတွက် ကြိုးပမ်း ဆောင်ရွက်မှုများ ပြုလုပ်လာကြောင်း တွေ့ရှိရပါတယ်။ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်အက်ဥပဒေပုဒ်မ ၄ မှာ နိုင်ငံတော်အစိုးရသည်

မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်များတွင် အကျဉ်းသားများကို ထားရှိရန်အတွက် အကျဉ်းထောင်များကို ဥပဒေနှင့်အညီ ခွဲခြားဆောက်လုပ်ပေးရမည်ဟူ၍ လည်းကောင်း၊ ယင်း အက်ဥပဒေပုဒ်မ ၇ ၌ အကျဉ်းထောင်များတွင် လုံခြုံစွာနှင့် အဆင်ပြေမှုရှိအောင် အကျဉ်းသား အရေအတွက်သတ်မှတ်ပြီး ၎င်းသတ်မှတ်ချက်ထက်ပိုမိုများပြားလာလျှင် အခြားအကျဉ်း ထောင်သို့ ပြောင်းရွှေ့ပေးရမည်။ ၎င်းအပြင် မည်သည့်အကျဉ်းထောင်မဆို အကျဉ်းသားများ ကူးစက် ရောဂါဖြစ်ပွားခြင်းကြောင့်လည်းကောင်း၊ အခြားကိစ္စတစ်ရပ်ရပ်ကြောင့်လည်းကောင်း လိုအပ်ပါက ၎င်းအကျဉ်းသားများကို စည်းကမ်းချက်နှင့်အညီ လုံခြုံစွာထိန်းသိမ်းထားရှိနိုင်ရန်အတွက် ယာယီ အကျဉ်းထောင်တစ်ခု သို့မဟုတ် ယာယီစခန်းတစ်ခုဆောက်လုပ်ပေးရမည်ဟုလည်းကောင်း ပြဋ္ဌာန်း ချက်ရှိသဖြင့် ဥပဒေနှင့်အညီ စခန်းများကို လိုအပ်သလိုဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အကျဉ်းထောင်လက်စွဲအပိုဒ် ၄ အပိုဒ်ခွဲ ၃ မှာ စခန်း သို့မဟုတ် ပြင်ပအကျဉ်းထောင်များ ပြင်ပလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အစိုးရမှ အခါအားလျော်စွာသတ်မှတ်သည့်အတိုင်း အလုပ်လုပ် ရန်ချထားပေးသော အကျဉ်းသားများချုပ်နှောင်ထားရှိရန်အတွက် ရည်ရွယ်သည့်အကျဉ်းထောင် အမျိုးအစားဖြစ်သည်လို့ ပြဋ္ဌာန်းထားသဖြင့် စခန်းများဖွင့်လှစ်ထားရှိခြင်းကိုလည်း သတ်မှတ် ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ အကျဉ်းထောင်လက်စွဲ အပိုဒ် ၅၁၅ မှာ လူပြည့်ကြပ်ပွတ်သိပ်နေမှုမရှိစေရေးအတွက် ပြောင်းရွှေ့စီစဉ်ရာမှာ အကျဉ်းထောင်တာဝန်ခံများသည် အကျဉ်းသားများကိုရွေးချယ်ရန် သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ အကျဉ်းထောင်လက်စွဲ အပိုဒ် ၉၉၆ မှာခွင့်ပြုသတ်မှတ်ထားသည့် ဦးရေထက်ပို၍ အကျဉ်းသားများကို ချုပ်နှောင်ထားခြင်းကို ရှောင်ရှား ရန်အတွက်အချိန်အခါအားလျော်စွာ အစီအစဉ်များပြုလုပ်ရမည်ဟုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်း ထားရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ အကျဉ်းဦးစီးဌာနအောက် မှာ အကျဉ်းထောင် ၄၆ ခုရှိပါတယ်။ အကျဉ်းသားဝင်ဆံ့မှုမှာ ၄၄၄၁၁ ဦးဖြစ်ပြီး လက်ရှိအကျဉ်းသား နှင့် အချုပ်သားဦးရေမှာ ၇၄၈၉၃ ဦးရှိတဲ့အတွက် အကျဉ်းထောင်ဝင်ဆံ့မှုထက် လူပေါင်း ၃၀၀၀၀ ကျော်ပိုနေတာကို တွေ့ရှိရပါတယ်။ ဒီလိုပိုနေတဲ့အကျဉ်းသားများနှင့်ပတ်သက်ပြီး အကျဉ်းထောင် ၄၆ ခုမှာ အကျဉ်းသား ၅၈၀၀၀ ဦးကိုထားရှိပြီး ပိုနေတဲ့အကျဉ်းသား ၁၅၀၀၀ ခန့်ကို စိုက်ပျိုးရေး၊

မွေးမြူရေး နှင့် အသက်မွေးမှုအတတ်သင်စခန်းများမှာ စခန်းတစ်ခုလျှင် အကျဉ်းသား ၅၀၀ ဦးခန့်ဖြင့် ၁၅၀၀၀ ခန့်ကို ရွေးချယ်ထားရှိရကြောင်း တင်ပြအပ်ပါတယ်။ ၁၉၇၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ကစပြီး စိုက်ပျိုး မွေးမြူရေးအလုပ်စခန်းများ ဖွင့်လှစ်ခဲ့ပြီးတဲ့နောက် ၂၀၀၄ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာတော့ ၎င်းစခန်း ၃၆ ခုအနက် ၂၉ ခုကိုပဲချန်ထားပြီး ၎င်းစခန်းများကို စိုက်ပျိုးမွေးမြူရေးအလုပ်စခန်းများ နှင့် ကုန်ထုန်စခန်းများအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ ကျင်းပ ပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၃/၂၀၁၃)မှ သဘောတူခွင့်ပြုချက် အရ အကျဉ်းဦးစီးဌာနမှာရှိတဲ့ စိုက်ပျိုးမွေးမြူရေးအလုပ်စခန်းများကို စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများအဖြစ် ပြောင်းလဲခေါ်ဝေါ်သတ်မှတ်ခြင်းကို ပြည်ထဲရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးရုံးကနေပြီးတော့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ အမိန့်ကြော်ငြာစာ အမှတ်(၆၉၀/၂၀၁၃)နှင့်လည်း သတ်မှတ်ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့မှာတော့ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကိုလည်း ထပ်မံ ဖွင့်လှစ်ခဲ့တဲ့အတွက် ယခုအခါ စခန်းပေါင်း ၃၀ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနဟာ အကျဉ်းသားများကို အပြစ်ပေး အကျဉ်းချထားရန်သက်သက်မဟုတ်ဘဲ စာရိတ္တ ပြုပြင်ရေး ရည်ရွယ်ချက်ဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲပေးရန် တရား စခန်းများ ဖွင့်လှစ်ပေးခြင်း၊ စာပေပညာသင်ကြားစေခြင်းအပြင် အသက်မွေးမှုပညာရပ်များကိုပါ လေ့ကျင့်သင်ကြားပေးမှုများ အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ပြည်ထဲရေး ဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ဖွင့်လှစ်ဆောင်ရွက်ခဲ့သော စိုက်ပျိုးမွေးမြူရေး အလုပ်စခန်းများကို ၂၀၀၄ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ စိုက်ပျိုးမွေးမြူရေးစခန်းနှင့် ကုန်ထုတ် စခန်းများအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ရာမှာ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှစ၍ စိုက်ပျိုး မွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းများအဖြစ် ပြောင်းလဲဖွင့်လှစ်ထားရှိပြီး အကျဉ်းထောင် များ၌ အကျဉ်းသားများ လူဦးရေကကျပ်လ တည်းမှုကို ဖြေရှင်းခြင်း၊ အကျဉ်းသားများကို ပြစ်ဒဏ်ပေး အကျဉ်းချထားရန် သက်သက်မဟုတ်ဘဲ စာရိတ္တပြုပြင်ရေးရည်ရွယ်ချက်ဖြင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးခြင်းနှင့် ပြစ်ဒဏ်မှလွတ်မြောက်လာတဲ့အခါ ဘဝရပ်တည်မှုအတွက် အသက်မွေး ပညာရပ်များ၊ သင်ကြားခြင်းများကိုလည်း အလေးအနက်ထားဆောင်ရွက်နေတဲ့အပြင် စခန်းများအား စနစ်တကျရှိစေရေးအတွက်ကိုလည်း တာဝန်ရှိသူအဆင့်ဆင့်နှင့် အဖွဲ့အစည်းများမှ စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတဲ့အတွက် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးအတတ်သင်

စခန်းများကို ဖျက်သိမ်းရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းတစ်ခုမေးခွင့်ပြုပါ။ အခု ပြည်ထဲရေး ဒုတိယဝန်ကြီးဖြေသွားတာက ထောင်ထဲမှာအကျဉ်းသားတွေမဆံ့လို့ ထောင်တွေကို ထပ်ပြီးတော့တိုးချဲ့ပြီးတော့ အဲဒီမှာ စိုက်ပျိုးမွေးမြူရေးအတတ်ပညာသင်စခန်းတွေကို ထောင်ထဲကနေပြီးတော့ လွတ်သွားတဲ့အခါမှာ အတတ်ပညာတစ်ခုခု သင်ယူတတ်မြောက်ဖို့အတွက် ရည်ရွယ်ပါတယ်။ ဒါကတော့ အင်မတန်ကောင်းပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ဒီလို အကျဉ်းသားတွေအပေါ်မှာ စေတနာထားတာ။ ကျွန်တော်တို့တုန်းကတော့ မုပ္ပလင်ကျောက်ထုစခန်းတို့၊ ဘာတို့ဆိုတာ တော်တော်များများ ကျွန်တော်တို့တုန်းကတော့ နာမည်ကြီးတဲ့စခန်းတွေပေါ့။ အဲဒီစခန်းရောက်သွားလို့ရှိရင် တစ်ဝက်လောက်ပဲအသက်ရှင်တယ်ဆိုတာမျိုးတွေပေါ့။ အဲဒီတော့ ကျွန်တော်က ပြည်ထဲရေး ဒုတိယဝန်ကြီးကိုမေးချင်တာက ကျောက်ထုတာတွေကတော့ အတတ်ပညာသင်စရာ သိပ်မလိုပါဘူးထင်ပါတယ်။ အဲဒီတော့ အဲဒီလိုကျောက်ထုစခန်းတွေပေါ့ ဒီလိုဟာမျိုးတွေပေါ့။ ဒီလိုစိုက်ပျိုးမွေးမြူရေးမဟုတ်ဘဲနဲ့ ဒါမျိုး အဲဒီလိုစခန်းမျိုးတွေ အခုလက်ရှိအခြေအနေမှာ ရှိသေးသလား၊ မရှိသေးဘူးလားဆိုတာကို ကျွန်တော်သိချင်ပါတယ်။ ရှိတယ်ဆိုလို့ရှိရင်လည်း အဲဒါတွေကို ဘယ်လိုဆက်ပြီးတော့ဆောင်ရွက်သွားမလဲဆိုတာကို သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ခုနကတင်ပြခဲ့တဲ့ စိုက်ပျိုးမွေးမြူရေးနှင့် သက်မွေးမှုပညာသင်တန်းစခန်း ၃၀ အပြင် အကျဉ်းဦးစီးဌာနအောက်မှာ ကျွန်တော်တို့ဖွင့်လှစ်ထားတဲ့ ကျောက်ထုတ်စခန်းအနေနဲ့လက်ရှိမှာ (က)အဆင့်ကုန်ထုတ်စခန်း ၁၁ ခုနှင့် (ခ)အဆင့်ကုန်ထုတ်စခန်း ခုနစ်ခု စုစုပေါင်း ၁၈ ခုကို ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ရက်စွဲပါစာအမှတ်နှင့် ကျောက်ထုတ်လုပ်စခန်းတွေကို ကုန်ထုတ်စခန်းအဖြစ် ပြောင်းလဲခေါ်ဝေါ်သုံးစွဲဖွင့်လှစ်ခွင့်ပြုသည်ဆိုပြီး ဖွင့်လှစ်ခဲ့တဲ့အတွက် လက်ရှိမှာ ကျောက်ထုတ်စခန်းစုစုပေါင်း ၁၈ ခု ကျွန်တော်တို့

ဖွင့်လှစ်ထားရှိပါတယ်။ ဖွင့်လှစ်ထားတဲ့နေရာတွေကိုတော့ ကျွန်တော် တည်နေရာတွေ မပြောတော့ပါဘူး။ ဖွင့်လှစ်ထားတဲ့ ကျောက်ထုတ်စခန်းတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အကျဉ်းသားများကို ထောင်ကနေပြီး ပြင်ပကိုထုတ်တဲ့ဟာနဲ့ပတ်သက်ပြီး အကျဉ်းချုပ်ကလေး ကျွန်တော် ဆွေးနွေးတင်ပြလိုပါတယ်။ အကျဉ်းသားများကို ထောင်ထဲမှာထားရှိပြီးတော့ အပြင်ကိုထုတ်တဲ့အခါမှာ မူလတင်ပြခဲ့တဲ့ စခန်း ၃၀ ကိုထုတ်တဲ့အဖွဲ့နှင့် လက်ရှိကျောက်ထုတ်စခန်း ၁၈ ခုကိုထုတ်တဲ့ သတ်မှတ်ချက်တွေကို လည်း အကျဉ်းထောင်လက်စွဲများမှာ ကျွန်တော်တို့ ထည့်သွင်းပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်နဲ့ကိုက်ညီတဲ့အကျဉ်းသားတွေကို ကျွန်တော်တို့ ခွဲခြားပြီး အကျဉ်းထောင်မှာ မဆံ့တဲ့လူတွေကိုခွဲထုတ်တာအပြင် အသက်မွေးမှုပညာသင်ကြားမှုအတွက် လိုအပ်တဲ့လူတွေကိုလည်း ခွဲထုတ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အကျဉ်းထောင်နဲ့ပတ်သက်ပြီးတော့ အကျဉ်းသားတွေနှင့်အကျဉ်းထောင်အတွက် ၎င်းတို့ရဲ့လုပ်အားကိုလည်း ဆုံးရှုံးမှုမရှိစေဖို့အတွက် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတစ်ဖက်တစ်လမ်းက ဖြိုးခြံချွေတာနိုင်အောင်လည်း အကျဉ်းသားများရဲ့လုပ်အားနဲ့ ငွေကြေးရရှိနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ရရှိလာတဲ့ငွေကြေးအကျိုးအမြတ်တွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ဆောင်ရွက်တဲ့လုပ်ငန်းလေး ကျွန်တော် အထောက်အထားလေးနဲ့တင်ပြချင်လို့ပါ။ အဓိကအားဖြင့်တော့ ကျွန်တော်တို့ နိုင်ငံတော်ဘဏ္ဍာငွေကနေပြီးတော့ ကျခံသုံးစွဲခြင်းမရှိတဲ့ဟာတွေ၊ နိုင်ငံတော်ဘဏ္ဍာငွေကနေ သုံးစွဲလိုခြင်းမရှိတဲ့ အကျဉ်းသားများရဲ့ ကျန်းမာရေးကိစ္စ၊ ထောင်ထဲမှာစာသင်ကြားပေးတဲ့ကိစ္စ၊ အကျဉ်းသားများစာမေးပွဲဖြေဆိုတဲ့အခါမှာ ကုန်ကျစရိတ် စတဲ့ဒီလိုလူမှုရေးဆိုင်ရာကိစ္စများ၊ အထွေထွေအားကစားဆိုင်ရာကိစ္စရပ်များ ဒါတွေအားလုံးကို ဒီအကျဉ်းသားများရဲ့ လုပ်အားခရရှိတဲ့ငွေတွေနဲ့လည်း ကျွန်တော်တို့ စနစ်တကျသုံးစွဲတာဖြစ်ပါတယ်။ ဒီငွေတွေကိုလည်း သက်ဆိုင်ရာငွေစာရင်းတွေ စနစ်တကျထားရှိပြီးတော့ ဒါကိုလည်း နှစ်စဉ်ပုံမှန်စာရင်းစစ်ရုံးရဲ့ စာရင်းစစ်ဆေးမှုလည်း ခံယူပါတယ်။ ဒါကြောင့်မို့လည်း တစ်ဖက်ကလည်း အကျဉ်းသားများကို ပြစ်ဒဏ်ကျခံပေးသလို တစ်ဖက်မှာလည်း လိုအပ်တဲ့ နိုင်ငံတော်ရဲ့ပြဋ္ဌာန်းချက်တွေနှင့်အညီပဲ လိုအပ်တဲ့စိုက်ပျိုးမွေးမြူရေးနှင့် သက်မွေးပညာသင်စခန်းတွေဖွင့်လှစ်သလို အကျဉ်းသားများရဲ့လုပ်အားတွေနဲ့ အကျဉ်းသားများရဲ့ ပြဋ္ဌာန်းထားတဲ့သတ်မှတ်ချက်နဲ့ကိုက်ညီတဲ့လူတွေကိုလည်း ကျွန်တော်တို့ ခုနကပြောတဲ့ ကုန်ထုတ်စခန်းတွေကို ပေးပို့ပြီး နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းကနေ အထောက်အကူဖြစ်မယ့်လုပ်ငန်းစဉ်တွေကိုလည်း ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။ ဒါကြောင့်မို့လို့ လက်ရှိအခြေအနေမှာတော့ ကုန်ထုတ်

စခန်းများနှင့် သက်မွေးမှုပညာအတတ်သင်စခန်းများကိုတော့ လက်ရှိအတိုင်း ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ထိရောက်သည့်ပြစ်ဒဏ်များချမှတ်ရန်အစီအစဉ်ရှိ/မရှိနှင့် နိုင်ငံတော်အစိုးရအနေနှင့် ပြည်သူလူထုအားအမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်အတွက် ပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ မြန်မာနိုင်ငံမှာ သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ထိရောက်သည့်ပြစ်ဒဏ်များချမှတ်ရန်အစီအစဉ်ရှိ/မရှိနှင့် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုအား အမျိုးသားရေးတာဝန်အဖြစ်ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန်အတွက် ပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မုဒိမ်းမှုလို့ကြားလိုက်ရတာနဲ့ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းဝင်တိုင်း စက်ဆုပ်ရွံရှာကြတာကြည့်ပဲ ဖြစ်ပါတယ်။ ဒီထက်ပိုဆိုးတာက အသက်အရွယ်အရ အရွယ်မရောက်သေးတဲ့ကလေးငယ်များနှင့် ဆယ်ကျော်သက်ရွယ်မိန်းကလေးငယ်တွေရဲ့အပေါ်မှာ ကျူးလွန်တဲ့မုဒိမ်းမှုတွေကိုနေ့စဉ်ကြားသိမြင်တွေ့နေရတာတွေဟာ တစ်ဆင့်သတင်းကြားသိရတဲ့သူတွေအနေနဲ့တောင် စိတ်ထိခိုက်ကြေကွဲကြရတယ်ဆိုရင် ကျူးလွန်ခံရသူနှင့် သူ့ရဲ့မိသားစုအသိုင်းအဝိုင်းအတွက်ဆိုရင် ကျွန်မတို့ တွေးဝံ့စရာတောင်မရှိပါဘူးရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်ရှင်။ ဒီ Slide တွေမှာ ဖော်ပြထားတာတွေကတော့ နေ့စဉ်သတင်းတွေထဲက တချို့ပဲဖြစ်ပါတယ်ရှင်။ ပြစ်မှုကျူးလွန်သူတွေထဲမှာ မိသားစုပြင်ပမှ တစိမ်းတွေသာမဟုတ်ဘဲ မိသားစုသွေးသားထဲတွင်မှာ ဖြစ်ပွားတဲ့အမှုတွေပါ တွေ့လာရပါတယ်။ ဒီလိုဖြစ်ရပ်တွေကို မြင်တွေ့လာရတော့ ကျွန်မတို့တတွေရဲ့ မောင်နှမ၊ သားအဖ၊ ဦးလေး၊ ဆရာတပည့်ဆိုတဲ့ ဆွေမျိုးသားချင်း ရပ်ဆွေရပ်မျိုးတွေရဲ့ ခင်မင်ရင်းနှီးတဲ့၊ နွေးထွေးဖော်ရွေတဲ့ နှစ်သက်မြတ်နိုးဖွယ်ရာ ယုံကြည်မှုနှင့် မေတ္တာတရားဆိုတဲ့ လူမှုဆက်ဆံရေး

ပုံသဏ္ဍာန်တွေဟာ ပျက်ယွင်းသွားတာကို ဝမ်းနည်းဖွယ်ရာတွေ့မြင်လိုက်ရသလိုပါပဲရှင်။ တကယ်တော့ ကျွန်မတို့လူ့အဖွဲ့အစည်းဟာ ဒီလိုအဖြစ်မျိုးတွေကို တစ်ရှက်ကနေ နှစ်ရှက်ဖြစ်မှာစိုးလို့ဆိုတဲ့ လက်သုံးစကားအတိုင်း လူသိခံရမှာကိုရှက်လွန်းလို့ တိတ်တိတ်ကြိတ်ဖြေရှင်းကြတာများပါတယ်။ ဒါပေမဲ့ ဒီကြားထဲကမှ ဒီလောက်အထိ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလာတာကိုကြည့်ခြင်းအားဖြင့် မျက်ကွယ်မှာ ဒီလိုဖြစ်ရပ်ဆိုးတွေဟာ ဘယ်လောက်များနေမလဲဆိုတာကို တွေးဆကြည့်နိုင်ပါတယ်။ ကိန်းဂဏန်းတွေအရ ၂၀၁၆ ခုနှစ် စက်တင်ဘာလအထိ မုဒိမ်းမှုပေါင်း ၇၆၁ မှုဖြစ်ပွားခဲ့တဲ့နေရာမှာ ၄၆၁ မှုဟာ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေရဲ့အပေါ်မှာ ကျူးလွန်ခဲ့တဲ့အမှုတွေဖြစ်ပါတယ်။ သက်ငယ်မုဒိမ်းမှုဟာ သုံးရက်မှာ နှစ်မှုနှုန်းဖြစ်ပွားနေတယ်လို့ မှုခင်းကိန်းဂဏန်းများအရ သိရပါတယ်။ မြန်မာနိုင်ငံမှုခင်းရဲတပ်ဖွဲ့စာရင်းများအရ ၂၀၁၆ ခုနှစ်မှာ ကလေးသူငယ်များအပေါ်ကျူးလွန်တဲ့ သက်ငယ်မုဒိမ်းမှုဟာ လွန်ခဲ့တဲ့သုံးနှစ်ကာလနဲ့ နှိုင်းဆလို့ရှိရင် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားလာတယ်လို့ သိရပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျူးလွန်ခံရတဲ့သူတွေဟာ အသက်နှစ်နှစ်ကနေ ငါးနှစ်အထိ ၁၂ မှု၊ အသက် ခြောက်နှစ်ကနေ ၁၀ နှစ်အထိက ၆၃ မှု၊ အသက် ၁၁ နှစ်ကနေ ၁၃ နှစ်အထိ ၁၃၆ မှုနှင့် အသက် ၁၄ နှစ်ကနေ ၁၆ နှစ်အထိက ၃၂၃ မှုဖြစ်ကြောင်း သိရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ သက်ငယ်မုဒိမ်းမှုတွေဖြစ်ပွားရခြင်းနဲ့ပတ်သက်လို့ အခြေခံအကြောင်းအရင်းကိုလေ့လာကြည့်တဲ့အခါမှာ ၂၂ ရာခိုင်နှုန်းဟာ ယုံကြည်မှုလွန်ကဲခြင်းနှင့် အနေနီးစပ်မှုကြောင့်ဖြစ်ပြီး ဖျားယောင်းသွေးဆောင်ခြင်းကြောင့်ဖြစ်ပွားတဲ့နှုန်းဟာ ၂၁ ရာခိုင်နှုန်းရှိကာ အခွင့်အရေးရလွယ်ခြင်းကြောင့်ဖြစ်ပွားတဲ့နှုန်းကတော့ ၁၇ ရာခိုင်နှုန်းရှိတယ်လို့ဆိုပါတယ်။ ကျန်တဲ့ ၄၀ ရာခိုင်နှုန်းကတော့ အတင်းအဓမ္မ Forced Case တွေဖြစ်နေတာကို လေ့လာသိရှိရပါတယ်။ ဒါ့ကြောင့် ၆၀ ရာခိုင်နှုန်းဟာ ကြိုတင်ကာကွယ်လို့ရတဲ့ အမှုအခင်းမျိုးဖြစ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံအနေနဲ့ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း UNCRC သဘောတူစာချုပ်ကို ၁၉၉၁ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့တဲ့အားလျော်စွာ ကျူးလွန်ခံရတဲ့ကလေးများအား အပြစ်တင်ခြင်း၊ လူ့အသိုင်းအဝိုင်းမှ ပြစ်ပယ်ထားခြင်းမျိုးများမပြုကြဘဲ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ လူမှုရေးပိုင်းဆိုင်ရာ ပြန်လည်ကုစားရန်လိုအပ်သကဲ့သို့ ပြစ်မှုကျူးလွန်သူများကိုလည်း ရာဇဝတ်ကျင့်ထုံးဥပဒေများအရသာမဟုတ်ဘဲ ကလေးသူငယ်များအပေါ် ကျူးလွန်တဲ့သူတွေကို ဥပဒေတွေပြဋ္ဌာန်းပြီးတော့ ထိရောက်တဲ့ အမြင့်ဆုံးပြစ်ဒဏ်တွေသတ်မှတ်၍ အပြစ်ပေးအရေးယူရန် လိုအပ်ပါတယ်။ ပြစ်မှုကျူးလွန်သူတစ်ဦးကို ထိရောက်တဲ့ပြစ်ဒဏ်များပေးခြင်းဖြင့် ကလေးသူငယ်

ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်သောကြောင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကလေးသူငယ်တွေဟာ ကျွန်မတို့ရဲ့အနာဂတ်ဆိုရင် ကလေးသူငယ်မုဒိမ်းမှုဟာ ကျွန်မတို့ရဲ့အနာဂတ်ကို မုဒိမ်းမှုကျူးလွန်တာပဲဖြစ်ပါတယ်။ အဲဒီအတွက် အဆိုပါကိစ္စနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရအနေနဲ့ သာမန်ဖြစ်ရိုးဖြစ်စဉ် ရာဇဝတ်မှုများကဲ့သို့ မဟုတ်ဘဲ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့မှ အပြစ်ရှိသူအား ထိရောက်ပြင်းထန်တဲ့အမြင့်ဆုံးပြစ်ဒဏ်ပေးရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေပါသလဲ။ ကျူးလွန်ခံရသူကလေးငယ်တွေရဲ့ အညွန့်ချိုးခံလိုက်ရတဲ့ အနာဂတ်လက်ကျန်အချိန်တွေမှာ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာဒဏ်ရာဒဏ်ချက်တွေကို ကုစားပေးမယ့် Psycho Social Support အစီအစဉ်များဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထုအား အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ပညာပေးအစီအစဉ်များအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်မေးမြန်းခဲ့တဲ့မေးခွန်းအပေါ်မှာ ကျွန်တော်ဆက်လက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြစ်မှုတွေကိုကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားတဲ့ပြစ်မှုအားလုံးကို စုံစမ်းဖော်ထုတ်တရားစွဲတင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ပြစ်မှုအမှုကြီး ၁၀ မျိုး၊ အခြားအမှု ၁၀ မျိုး၊ ကြိုတင်ကာကွယ်မှု ၁၀ မျိုး သတ်မှတ်ဆောင်ရွက်လျက်ရှိရာမှာ မုဒိမ်းမှုကိုတော့ ကျွန်တော်တို့ အမှုကြီးအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ မုဒိမ်းဖြစ်ပွားမှု အခြေအနေနှင့်ပတ်သက်ပြီး သိရှိနိုင်စေဖို့နှင့် မုဒိမ်းဖြစ်ပွားမှုတွေကို တာဝန်ရှိသူများနှင့်အတူ ပြည်သူတစ်ရပ်လုံးကလည်းသိရှိပြီး ကလေးသူငယ်များအပေါ် အဓမ္မပြုကျင့်ခံရမှုကနေပြီး ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်စေရန် ရည်ရွယ်ချက်နှင့် ကျွန်တော် ကိန်းဂဏန်းအချက်အလက်များနှင့်တကွ သုံးသပ်တင်ပြသွားပါ့မယ်။

ဒါကြောင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မုဒိမ်းမှုဖြစ်ပွားမှုမှာ ဇယားမှာဖော်ပြထားတဲ့ အရေအတွက်များအတိုင်း ၂၀၁၃ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ဖြစ်ပွားခဲ့ပါတယ်။ ဒီလိုဖြစ်ပွားခဲ့မှုတွေပေါ်မှာ ပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုရာခိုင်နှုန်းဟာ ၂၀၁၃ ခုနှစ် မှာ မုဒိမ်းမှုရဲ့ ၄၂.၉၀ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ ၄၄.၁၈ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ ၄၆.၃၃ ရာခိုင်နှုန်းနဲ့ ၂၀၁၆ နိုဝင်ဘာလအထိကို ၆၁.၁ ရာခိုင်နှုန်းဖြစ်ပွားလာတာကို တွေ့ရှိရတဲ့အတွက် နှစ်အလိုက်မုဒိမ်းဖြစ်ပွားမှုအရေအတွက် တွေများလာသလိုပဲ သက်ငယ်မုဒိမ်းဖြစ်ပွားမှုရာခိုင်နှုန်းတွေကလည်း မြင့်မားလာတာကို စိုးရိမ်ဖွယ်ရာတွေ့ရှိရပါတယ်။ ၂၀၁၆ ခုနှစ် နိုင်ဝင်ဘာလအထိ သက်ငယ်မုဒိမ်းကျင့်ခံရသူများနှင့်ပတ်သက်ပြီး အသက်အပိုင်းအခြားအလိုက် ကျူးလွန်ခံရမှုတွေကို စိစစ်တဲ့အခါမှာလည်း Slide မှာ ဖော်ပြထားတဲ့အတိုင်း နှစ်နှစ်မှ ငါးနှစ်အထိဟာ ၂.၄၇ ရာခိုင်နှုန်း၊ ခြောက်နှစ်မှ ၁၀ နှစ်အထိဟာ ၁၂.၈၃ ရာခိုင်နှုန်း၊ ၁၀ နှစ်မှ ၁၄ နှစ်အထိဟာ ၂၄.၈၃ ရာခိုင်နှုန်း၊ ၁၄ နှစ်မှ ၁၆ နှစ်အထိဟာ ၅၉.၈၆ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရတဲ့အတွက် အသက်အရွယ်အင်မတန် ငယ်တဲ့ကလေးငယ်များပင်လျှင် အဓမ္မကျူးလွန်ခံရနေရတာကိုပဲ ကျွန်တော်တို့ ကိန်းဂဏန်းများအရ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြစ်မှုကျူးလွန်သူတွေကို စိစစ်တဲ့အခါမှာ ၁၆ နှစ်အောက်လူငယ် ၅.၀၉ ရာခိုင်နှုန်း၊ ၁၆ နှစ်မှ ၁၈ နှစ်အထိလူငယ် ၈.၃၇ ရာခိုင်နှုန်း၊ ၁၈ နှစ်မှ ၅၀ နှစ်အထိလူငယ် ၈၀.၃ ရာခိုင်နှုန်းနှင့် ၅၀ နှင့်အထက်က ၆.၂၄ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရတဲ့အတွက် အသက် ၁၆ နှစ်အောက်လူငယ်များပင်လျှင် အဓမ္မကျူးလွန်မှုတွေကို ပြုလုပ်လာကြောင်းလည်း ကျွန်တော်တို စိုးရိမ်ဖွယ်ရာတွေ့ရှိရပါတယ်။ အများဆုံးကတော့ အသက် ၁၈ နှစ်မှ ၅၀ အကြား အရွယ်တွေဟာ ကလေးသူငယ်အဓမ္မပြုကျင့်မှုကို အများဆုံးကျူးလွန်ကြောင်းကိုလည်း လေ့လာသုံးသပ်တွေ့ရှိရပါတယ်။ ဒါ့အပြင် ကျူးလွန်သူများနှင့် ကျူးလွန်ခံရသူများရဲ့ တော်စပ်မှုတွေကို လေ့လာကြည့်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်စန်းလှိုင်လည်း ဆွေးနွေးသွားခဲ့ပါတယ်။ ကျွန်တော် စာရင်းဇယား လေးတင်ပြလိုပါတယ်။ ဖခင်အရင်းက ကျူးလွန်တာဟာ ၅.၀၉ ရာခိုင်နှုန်း၊ ပထွေးကကျူးလွန်တာဟာ ၃.၇၈ ရာခိုင်နှုန်း၊ ဆွေမျိုးသားချင်းက ကျူးလွန်တာဟာ ၅.၀၉ ရာခိုင်နှုန်းနှင့် သူစိမ်းကကျူးလွန်တာ ဟာ ၈၆.၀၄ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသလိုပဲ သွေးရင်းသားရင်းများပင်လျှင် လူမှုကိစ္စတွေကို အံ့သြဖွယ်ကျူးလွန်လာကြောင်းလည်း တွေ့ရှိရပါတယ်။ ကျူးလွန်မှုရဲ့ကာလတွေကို

ကြည့်တဲ့အခါမှာ နေ့အချိန်ကျူးလွန်မှုဟာ ၅၇.၀၇ ရာခိုင်နှုန်း၊ ညအချိန်ကျူးလွန်မှုဟာ ၄၂.၉၃ ရာခိုင်နှုန်းဖြစ်ပြီး မြို့ပေါ်မှာဖြစ်ပွားမှုဟာ ၄၃.၄၂ ရာခိုင်နှုန်း၊ ကျေးလက်ဖြစ်ပွားမှုဟာ ၅၆.၅၈ ရာခိုင်နှုန်းဖြစ်ပွားကြောင်း တွေ့ရှိရပါတယ်။

ဒါ့အပြင်ဖြစ်ပွားတဲ့အကြောင်းအရင်းတွေကို လေ့လာကြည့်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသွားသလိုပဲ အနေနီးစပ်မှုက ၁၆.၆၁ ရာခိုင်နှုန်း၊ ယုံကြည်မှုလွန်ကဲမှုကြောင့် ၁၁.၆၈ ရာခိုင်နှုန်း၊ အဓမ္မပြုကျင့်မှု ၃၁.၉၁ ရာခိုင်နှုန်း၊ အဖော်မဲ့သွားလာမှုကြောင့် ၆.၂၅ ရာခိုင်နှုန်း၊ ဖျားယောင်းသွေးဆောင်မှုကြောင့် ၂၅.၄၉ ရာခိုင်နှုန်း၊ အခွင့်အရေးရယူမှုဟာ ၈.၀၆ ရာခိုင်နှုန်းဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် သက်ငယ်မုဒိမ်းဖြစ်ပွားမှုတွေနဲ့ပတ်သက်ပြီး လေ့လာကြည့်တဲ့အခါမှာ ဒီဖော်ပြပါကိန်းဂဏန်းတွေအပေါ်မူတည်ပြီး ကျွန်တော်တို့ ဖြစ်ပွားတဲ့ အသက်အရွယ်၊ အပိုင်းအခြား အချိန်ကာလနှင့် အကြောင်းတရားတွေအပေါ်လေ့လာသုံးသပ်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ သက်ငယ်မုဒိမ်းဖြစ်ပွားမှု ပိုမိုဖြစ်ပွားလာတဲ့အကြောင်းအရင်းတွေကို စိစစ်တဲ့အခါမှာ Slide မှာ တင်ပြထားတဲ့အတိုင်း သုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ဟာ သက်ငယ်မုဒိမ်းများဖြစ်ပွားမှုပေါ်မှာ အခြေအနေအကြောင်းအရင်းမှန်ကို လေ့လာသုံးသပ်ပြီး သက်ငယ်မုဒိမ်းမှုများလျှော့နည်းကျဆင်းရေးအတွက်ကို စီမံချက်များရေးဆွဲကာ အသိပညာပေးလုပ်ငန်းများကိုတိုးမြှင့်ဆောင်ရွက်ခြင်း၊ ပြစ်မှုဖြစ်ပွားမှုကိုတွန်းအားပေးစေတဲ့ ကြိုတင်ကာကွယ်မှုများကိုလည်း ထိထိရောက်ရောက်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ ဖြစ်ပွားလာတဲ့အမှုများကို သက်သေခံအထောက်အထားခိုင်လုံစွာဖြင့် ဥပဒေနှင့်အညီတရားစွဲတင်နိုင်ရေးဆောင်ရွက်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းတွေကိုလည်း သက်ဆိုင်ရာတရားရုံးမှဆောင်ရွက်ပြီး ထိရောက်သောပြစ်ဒဏ်ရရှိရေးအတွက်ကို ဥပဒေရုံး၊ တရားရုံးများနှင့်ညှိနှိုင်းဆောင်ရွက်၊ တရားရုံးကနေချမှတ်တဲ့ပြစ်ဒဏ်နှင့်စပ်လျဉ်းပြီး ပြစ်မှုပြစ်ဒဏ်မျှတမှုမရှိတဲ့အမှုတွေကို စိစစ်ပြီး အယူခံမှု၊ ပြင်ဆင်မှုများ တက်ရောက်ခြင်းတွေကိုလည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သက်ငယ်မုဒိမ်းဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ဖော်ထုတ်ဖမ်းဆီးအရေးယူမှုအပိုင်းမှာ အားနည်းချက်ရှိတဲ့ဝန်ထမ်းတွေနဲ့ပတ်သက်လို့လည်း မိမိတပ်ဖွဲ့ဝင်များအပေါ် တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ထူးခြားမှုတစ်ခုအနေနဲ့ကတော့ တာဝန်ရှိသူ ဌာနဆိုင်ရာများရဲ့ဆောင်ရွက်ချက်အပြင် ဒီကနေ့ဖြစ်ပွားလျက်ရှိတဲ့ သက်ငယ်မုဒိမ်းကျင့်သူများအပေါ် လူထုကနေဆန့်ကျင်ဆန္ဒပြမှုများလည်း ပြုလုပ်လာကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ

တပ်ဖွဲ့အနေနဲ့ကတော့ သက်ငယ်မုဒိမ်းမှုတွေကို စုံစမ်းပြီး တရားရုံးတွေကို တရားစွဲတင်ပို့ခဲ့ရာမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ မြို့နယ်တရားရုံးသို့ ၉၉ မှု၊ ခရိုင်တရားရုံးသို့ ၄၁၈ မှု စုစုပေါင်းအမှု ပေါင်း ၅၁၇ မှုကို တရားစွဲတင်ပို့နိုင်ခဲ့ပြီးဖြစ်ပါတယ်။ တရားရုံးမှာ သက်ငယ်မုဒိမ်းကျူးလွန်သူများကို ပြစ်ဒဏ်ချမှတ်မှုအနေနဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာတော့ ထောင်ဒဏ် တစ်နှစ်မှ ငါးနှစ်အထိ ၆၅ ဦး၊ ထောင်ဒဏ် ခြောက်နှစ်မှခုနစ်နှစ်အထိ ၄၆ ဦး၊ ထောင်ဒဏ်ရှစ်နှစ်မှ ၁၀ နှစ်အထိ ၇၂ ဦး၊ ထောင်ဒဏ် ၁၀ နှစ်မှ အနှစ် ၂၀ အထိ ၂၂ ဦး ပေါင်း ၂၀၆ ဦးကို တရားရုံးမှ ပြစ်ဒဏ်များအသီးသီး ချမှတ်ခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ မုဒိမ်းမှုအများဆုံးချမှတ်နိုင်တဲ့ ပြစ်ဒဏ်ဟာ ထောင်ဒဏ်အနှစ် ၂၀ ဖြစ်ပြီး ကျူးလွန်သူများကို ဥပဒေနဲ့အညီ ထိရောက်တဲ့ပြစ်ဒဏ်များ ချမှတ်နိုင်ရေးအတွက် ခရိုင်တရားရုံးများသို့ သက်ဆိုင်ရာတရားသူကြီးများနှင့်ညှိနှိုင်းပြီး တရားစွဲတင် ခြင်း၊ ကလေးသူငယ်များကို မုဒိမ်းမှုကျူးလွန်ခြင်းကြောင့် အသက်ဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်း၊ ရောဂါဝေဒနာစွဲကပ်နိုင်စေခြင်း၊ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမှုကို ဖြစ်စေတဲ့အတွက် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ ၆၅ ပုဒ်မခွဲ(က)အရလည်း ထပ်မံတရားစွဲအရေးယူလျက်ရှိပါတယ်။ ကျူးလွန်ခံရသူတွေကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ စည်းရုံးခြင်း၊ သယ်ဆောင်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းတွေ၊ ဒါတွေကိုစစ်ဆေးပေါ်ပေါက်လို့ရှိရင်လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ ထပ်မံအရေးယူဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်သူတွေကို ဥပဒေနဲ့အညီ ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက်ကိုလည်း သက်ဆိုင်ရာတရားရုံး၊ ဥပဒေရုံးများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သက်ငယ်မုဒိမ်းမှုများနဲ့ ပတ်သက်ပြီး ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက်ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ကလေးသူငယ်အခွင့် အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းရဲ့ မြန်မာနိုင်ငံအပေါ် အကြံပြုချက်များနဲ့အညီ ကလေး သူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအဖြစ် ပြန်လည်ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကိုလည်း အသစ်ရေးဆွဲဆောင်ရွက် လျက်ရှိပါတယ်။ အဆိုပါဥပဒေကြမ်းများဟာ ကလေးနဲ့အမျိုးသမီးများ၊ မသန်စွမ်းသူအမျိုးသမီးများ အပေါ်မှာကျူးလွန်တဲ့ မုဒိမ်းမှုများနဲ့ပတ်သက်ပြီး ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်များချမှတ်နိုင်ရေးကို လည်း ထည့်သွင်းရေးဆွဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သက်ငယ်မုဒိမ်းမှုများလျော့နည်း ပပျောက်ရေးအတွက်ကို ပညာပေးဟောပြောမှုများဆောင်ရွက်ရာမှာ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့၊ မြို့နယ်

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ဥပဒေအရာရှိများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရပ်ကွက်ကျေးရွာများအထိလည်းကောင်း၊ စာသင်ကျောင်းများမှာလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဘာသာရေးဆိုင်ရာသင်တန်းများမှာလည်း သက်ငယ်မုဒိမ်းမှုများအပါအဝင် မှုခင်းများမဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောမှုတွေကို လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်မှုအနေနဲ့ကတော့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ အထိ ပညာပေးဟောပြောမှုပေါင်း အကြိမ်ပေါင်း ၁၃၅၉၆ ကြိမ်၊ ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေမှု ၅၉၉၄ ကြိမ်၊ စာစောင်ရေ ၅ သိန်းကျော်၊ ဆိုင်းဘုတ်၊ ပိုစတာ စိုက်ထူမှု ၆၆၄ ခု၊ မော်တော်ယာဉ်ဖြင့် ပြည်သူလူထုအတွင်း သွားရောက်ပညာပေးဟောပြောမှု ၂၁၄၆ ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ သက်ငယ်မုဒိမ်းနဲ့ပတ်သက်ပြီး ပြည်သူတစ်ရပ်လုံးသို့ အသိပညာပေးဟောပြောမှုနှင့် ကြိုတင်ကာကွယ်ရေးအတွက် အဓိကလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ပြည်သူလူထုအတွင်း ပညာပေးဟောပြောမှုများပြုလုပ်ရာမှာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သာမကဘဲနဲ့ ဆက်စပ်ဝန်ကြီးဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်းများ အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ သက်ငယ်မုဒိမ်းမှုများအပါအဝင် မုဒိမ်းမှုလျော့နည်းကျဆင်းရေးအတွက်ကို ကြိုတင်ကာကွယ်ရေးအမှုများအနေနဲ့ ညစ်ညမ်းရုပ်ရှင်ပြသခြင်း၊ ရောင်းချခြင်းများကို ဥပဒေနဲ့အညီ ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်း၊ လိုင်စင်မဲ့အရက်ချက်လုပ်ရောင်းချသူများ၊ မူယစ်ဆေးဝါးရောင်းချသုံးစွဲသူများ အရေးယူခြင်း၊ မိန်းကလေးငယ်များ ကာအိန္ဒြေပျက်အောင် ထိခိုက်နှောက်ယှက်သူများကို ဥပဒေအရအရေးယူခြင်း၊ ခွင့်ပြုချက်မရှိသော လိင်ပိုင်းဆိုင်ရာဆေးဝါးများ ရောင်းချခြင်းကို ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းတွေကိုလည်း အလေးအနက်ထား ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၆ ခုနှစ် နိုင်ဝင်ဘာလကုန်အထိ ကြိုတင်ကာကွယ်ရေးအတွက်ဖမ်းဆီးမှုမှာ ပြည့်တန်ဆာမှု ၉၉၈ မှု၊ ယစ်မျိုးမှု ၈၁၂၁ မှု၊ မူးယစ်ဆေးဝါးမှု ၈၁၄၄ မှု၊ ဆင်ဆာမဲ့ဗွီဒီယိုဖမ်းဆီးမှု ၆၉၈ မှုတို့ကိုလည်း ဖမ်းဆီးအရေးယူခဲ့ပြီး ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သက်ငယ်မုဒိမ်းမှုဖြစ်စဉ်ဟာ မည်သို့မျှလက်ခံနိုင်ဖွယ်မရှိတဲ့ လူမဆန်တဲ့လုပ်ရပ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဖြစ်စဉ်များလျော့နည်းပပျောက်ပြီး အနာဂတ်မျိုးဆက်ကလေးသူငယ်များကို ထိရောက်စွာအကာအကွယ်ပေးနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်းပါဝင်လာစေရန် မြို့ပေါ်နှင့်ကျေးလက်ဒေသများ လူထုလူတန်းစားအလွှာအသီးသီးမှာ ဥပဒေအသိပညာနှင့် မှုခင်းအသိပညာများပေးခြင်းလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ပြစ်မှုဖြစ်ပွားမှုကိုတွန်းအားပေးစေတဲ့ ကြိုတင်ကာကွယ်မှုများကိုလည်း ထိထိရောက်ရောက် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဖြစ်ပွားရတဲ့ အကြောင်းအရင်းများအပေါ်မှာသုံးသပ်ပြီး ထိရောက်တဲ့အစီအမံများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဖြစ်ပွားလာတဲ့ပြစ်မှုများအပေါ်မှာ ခိုင်မာစွာတရားစွဲတင်ပြီး ဥပဒေနှင့်အညီ ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်ရေးကိုလည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကလေးသူငယ်များဆိုင်ရာဥပဒေကို ပြင်ဆင်ရေးဆွဲခြင်းနဲ့ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ အသစ်ရေးဆွဲလျက်ရှိပါကြောင်း ပြစ်မှုကျူးလွန်ခံရသူကလေးသူငယ်များရဲ့ ကျန်းမာရေး၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာစောင့်ရှောက်ပေးနိုင်ရေးအတွက်ကိုလည်း သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၁၆ နည်းဥပဒေခွဲ(ဃ)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းခွင့်ပြုပါရန် လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။ ဦးစွာပထမ သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အထူးအလေးထားဆောင်ရွက်နေကြောင်း သိရတဲ့အတွက် အထူးပဲ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်မအနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးလိုတဲ့မေးခွန်းကတော့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဥပဒေကို မည်သည့်အချိန်မှာ ပြဋ္ဌာန်းမလဲဆိုတဲ့မေးခွန်းကို ကျွန်မကိုယ်တိုင် ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဆောင်ရွက်စဉ်အချိန်ကတည်းကပဲ ကျွန်မအနေနဲ့ဒီမေးခွန်းကို မေးခဲ့ပါတယ်။ အခုလည်း ဝန်ကြီးကိုယ်တိုင်ကလည်း ဒီဥပဒေက ဆက်လက်ပြီး အခုရေးဆွဲနေပါတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်မတို့က ဒီဥပဒေကို ဘယ်အချိန်လောက်မှများ ပြဋ္ဌာန်းနိုင်မလဲဆိုတာရယ်၊ နောက်တစ်ခု ဒီဥပဒေ

ရေးဆွဲတဲ့အချိန်မှာ ဘယ်လိုလူတွေရော ဒီဥပဒေထဲမှာ ပါဝင်ပြီးတော့ ရေးဆွဲတဲ့အထဲ ပါဝင်ပြီး ဆောင်ရွက်နေကြပါသလဲဆိုတာကို တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကို ကျွန်တော်တို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ ညှိနှိုင်းဖြေကြားချက်အပေါ်မှာ အခြေခံတင်ပြပါမယ်။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော်တို့တစ်ကြိမ်ဖြေကြားခဲ့တဲ့ အဖြေပေါ်မှာမူတည်ပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ညှိနှိုင်းချက်မှာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေရေးဆွဲခြင်းကိုလည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေပြစ်မှု၊ ပြစ်ဒဏ်များကိုလည်း မူကြမ်းအဖြစ် ရေးဆွဲထားရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဆီကိုလည်း ညှိနှိုင်းဖြေကြားချက်ပေးပို့တဲ့အခါမှာ မူကြမ်းလည်းပေးပို့ထားပါတယ်။ ဥပဒေတစ်ခုအတည်ပြုနိုင်ဖို့အတွက်ကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် ဆောင်ရွက်ရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်ကာလအတိအကျတော့ ဖြေဆိုနိုင်ခြင်းမရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့ အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေးကိုတော့ အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ၎င်းဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက်ကို ကျွန်တော်တို့ အလေးအနက်ထား ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေသော တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ (၈-၁၂-၂၀၁၆ ရက်နေ့)မှာ တင်သွင်းတဲ့ နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေသော တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၀ ဦးရှိပါတယ်။ ပထမဦးစွာ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဖြစ်ပါတယ်။ ကျွန်မအနေနဲ့ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့ နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေသော တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုချက်များနှင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်အစိုးရရဲ့ မူဝါဒတစ်ခုဖြစ်တဲ့ လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်နိုင်ဖို့ဆိုရင် နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စရပ်များ အပြည့်အဝရရှိအောင် စီမံဆောင်ရွက်လျက်ရှိရာ နယ်မြေအသီးသီးတွင် ထင်သာမြင်သာဖြစ်အောင် ကြီးကျယ်နေတဲ့ပြဿနာမဟုတ်ပေမဲ့ လူ့အဖွဲ့အစည်းအတွင်း တမြေ့မြေ့လောင်ကျွမ်းနေတဲ့ မီးခဲကြီးသဖွယ်ဖြစ်နေသော နှစ်လုံးထီ၊ သုံးလုံးထီနှင့် ဘောလုံးကစားခြင်းအပါအဝင် အခြားလောင်းကစားခြင်းအားလုံးသည် လူ့အဖွဲ့အစည်းများကို များစွာအနှောင့်အယှက်ပြုနေတာဖြစ်ပါတယ်။ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး

ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတစ်ဝန်း လောင်းကစားခြင်းပပျောက်အောင် လုပ်နိုင်ပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ထို့ကြောင့် ဒီအဆိုတင်သွင်းမှုအပေါ် ကြိုဆိုပြီးထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးဟုခေါ်သော ဘောလုံး၊ နှစ်လုံးထီနဲ့ချဲထီများမှာ မြန်မာတစ်နိုင်ငံလုံး တောရော မြို့ပါမကျန် လိုင်းကြေးယူ၍ အာဏာပိုင်များက မျက်ကွယ်ပြုထားသဖြင့် ဒီနေ့ထိအောင် မပျောက်ပျက်နိုင်ဘဲ လူအများဘဝပျက်နေရတဲ့ အဖြစ်အပျက်များရှိနေကြပါတယ်။ ထိုလောင်းကစားနည်းများသည် တရားမဝင်သည့်တိုင်အောင် တရားဝင်သလိုဖြစ်နေရတဲ့ အကြောင်းအရင်းများထဲတွင် တစ်နိုင်ငံလုံးမှ အလုပ်လက်မဲ့ လူငယ်လူရွယ်များကို အလုပ်ပေးထားနိုင်ခြင်းနှင့် တာဝန်ရှိသူရဲဝန်ထမ်းအချို့မှ လောင်းကစားလုပ်ကိုင်နေသူများ လုပ်ကိုင်ခွင့်ရအောင် လိုင်းကြေးယူ၍ မျက်ကွယ်ပြုထားသဖြင့် ယနေ့ထိအောင် မပျောက်ပျက်နိုင်ဘဲ ရှိနေကြခြင်းဖြစ်ပါတယ်။ ယနေ့နိုင်ငံမှာ ဒီမိုကရေစီနိုင်ငံရေးစနစ်ကောင်းဖြင့် တိုင်းပြည်ပြန်လည်တည်ဆောက်နေချိန်မှာ လူ့အဖွဲ့အစည်းအတွင်း၌ တရားမဝင်လောင်းကစားမှုများမှာ ရှိသင့်ရှိအပ်သည့်အခြေအနေများ မဟုတ်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံဟာ လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံပြီး တိုင်းပြည်တည်ဆောက်နေတာဖြစ်လို့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို ပျက်စီးစေတဲ့ တရားမဝင်လောင်းကစားမှုများကို လူ့အဖွဲ့အစည်းမှပပျောက်အောင် ဆောင်ရွက်တဲ့နေရာမှာ အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မည်သည့်မြို့ရွာတွေမှာမဆို မည်သူချဲရောင်းတယ်၊ မည်သူကချဲဒိုင်စသည်ဖြင့်အားလုံး သိနေကြပေမယ့် အေးအေးဆေးဆေးလှုပ်ရှားနေထိုင်ကြသည်မှာ အုပ်ချုပ်ရေးပိုင်းက လိုင်းကြေးယူထားပြီး မဖမ်းဆီးခြင်းကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လောင်းကစားနှင့်ပတ်သက်တဲ့ မှုခင်းဖြစ်ပွားမှုအမှုပေါင်းမှာ ၂၀၁၀ ခုနှစ်မှာ ၃၀၅ မှုဖြစ်ပြီး ၂၀၁၁ ခုနှစ်မှာ ၃၁၉၆ မှုသို့ ရုတ်ချည်းမြင့်တက်လာပါတယ်။ ၂၀၁၂ ခုနှစ်မှာ ၄၈၃၆ မှု၊ ၂၀၁၃ ခုနှစ်မှာ ၃၉၈၀ မှု၊ ၂၀၁၄ ခုနှစ်မှာ ၂၅၆၁ မှု၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်ထိမှာတော့ ၂၆၈၅ မှု ရှိခဲ့ပါတယ်။ နှစ်စဉ်လောင်းကစားမှုဖြစ်ပွားနှုန်းကို ကြည့်ရှုပါက ၂၀၁၃ ခုနှစ်နောက်ပိုင်းမှာ တဖြည်းဖြည်လျော့ကျခဲ့သော်လည်း လူ့အဖွဲ့အစည်းအတွင်း၌ တိုးတိုးတိတ်တိတ်များဖြင့် ရောင်းသူကရောင်း၊ ထိုးသူကထိုးနေကြကြောင်းကို ကိုယ်တိုင်လည်းကြားသိနေရသလို ပြည်သူတွေအားလုံးလည်း ကြားသိနေကြပါတယ်။ အမှုဖြစ်တဲ့သူများမှာလည်း တကယ့်ဒိုင်ကြီးကြီးကျယ်ကျယ်လုပ်ကိုင်နေတဲ့ ဒိုင်ချုပ်များမဟုတ်ဘဲ လက်ခွဲဒိုင်သေးများနှင့် ထိုးသားများသာဖြစ်နေကြပါတယ်။ ထိုးသားဟု

သတ်မှတ်တဲ့နေရာမှာလည်း ထောင်ထက်ထောင်ဖမ်းခြင်းများဖြင့် မသမာမှုများရှိခဲ့ပါတယ်။ ယခု NLD အစိုးရလက်ထက်တွင် ရဲဝန်ထမ်းများ၊ အရာရှိများလာဘ်မစားရ၊ မိမိရဲ့အထက်အရာရှိအတွက်လည်း ခွင်ဖန်ပေးရဟူ၍ အသံထွက်ပေါ်လာခဲ့သော်လည်း ပိုနေမြဲကျားနေမြဲအနေအထားမှာပဲ လှုပ်ရှားနေကြတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ရာ ထိုအခြေအနေများသည် လူငယ်လူရွယ်များ၏ အလုပ်လက်မဲ့ပြဿနာမှအစ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ထမ်းများ၏ပုံမှန်လည်ပတ်နိုင်ရေးအလယ် ဥပဒေစိုးမိုးရေး လုပ်ဆောင်နေသူများကိုယ်တိုင် ဥပဒေကိုမျက်စိမှိတ်ပြထားရတဲ့ အခြေအနေများအထိ ဆက်စပ်ပတ်သက်နေသည်ကို တွေ့ရပါတယ်။ ထို့အတွက်ကြောင့် တရားမဝင်လောင်းကစားမှုများကို ပပျောက် အောင်စုံစမ်းဖော်ထုတ်ခြင်းနှင့်အတူ နိုင်ငံဒေသအသီးသီးမှ လူငယ်လူရွယ်များအတွက် အလုပ်အကိုင်မည်သို့ဖန်တီးပေးနိုင်မယ်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ထမ်းများကိုလည်း မိမိတို့အလုပ်တွင် ဂုဏ်သိက္ခာရှိရှိ လူရိုသေရှင်ရိုသေတာဝန်ထမ်းဆောင်နိုင်ရန် မည်ကဲ့သို့လုပ်ဆောင်ပေးရန်လိုသည်တို့ကို ဆန်းစစ်လေ့လာမှုများပါ လုပ်ဆောင်နိုင်ပါမှ တရားမဝင်လောင်းကစားမှုများ ပပျောက်နိုင်ဖွယ်ရာရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၈ ပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် မည်သူ့ကိုမဆိုဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်ဟုဖော်ပြထားသဖြင့် ဥပဒေအထက်မှာ တာဝန်မဲ့စွာ ခွင့်ပြုလုပ်ကိုင်ခွင့်ရရှိနေသောသူများအား ထိရောက်စွာအရေးယူပါက မြန်မာနိုင်ငံလူ့အဖွဲ့အစည်းကို ဆိုးရွားစွာထိခိုက်နေသော လောင်းကစားမှုများကို လျှော့ချနိုင်မှာဖြစ်ကြောင်း အကြံပြုရင်း အဆိုရှင်ရဲ့ အဆိုအား လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီကနေ့သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တင်သွင်းတဲ့ နိုင်ငံတော်နှင့်ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေး

တို့ကို ထိခိုက်ပျက်စီးစေသော တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်မဲဆန္ဒနယ်က အခြေအနေတွေနဲ့တိုက်ဆိုင်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့နိုင်ငံကနေပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ ဖြစ်အောင် ထူထောင်နေတဲ့အချိန်မှာ တရားမဝင်လောင်းကစားမှုနှင့်မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေမှုတွေဟာ ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအနှောင့်အယှက်ပေးနေတဲ့ ဆူးငြောင့်ခလုတ်တွေပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်လောင်းကစားမှုများကို ဥပဒေအရ ခွင့်ပြုထားခြင်းမရှိသော်လည်းပဲ ဥပဒေကိုလေးစား လိုက်နာမှုမရှိခြင်း၊ တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်နေတဲ့ သက်ဆိုင်ရာဝန်ထမ်းများ အဂတိလိုက်စား တာဝန်ပျက်ကွက်နေကြခြင်းကြောင့် နိုင်ငံတစ်နံတစ်လျားမှာ လောင်းကစားမှုများထင်ထင်ရှားရှား ကျူးလွန်လျက်ရှိပါတယ်။ အသုဘအိမ်တွေမှာ ဖဲမရိုက်ရဘူးလို့ဆိုပေမယ့်လည်း နားလည်မှုနဲ့ကနေ့ထိ ဆက်ရိုက်နေကြတုန်းပါပဲ။ လောင်းကစားမှုကို ထင်ထင်ပေါ်ပေါ်ကျူးလွန်နေတဲ့အထဲမှာ ကျွန်တော်တို့ ဘုတ်ပြင်းမြို့နယ်လည်းပဲ အဆိုးဆုံးထဲမှာပါဝင်မယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး မြို့နယ်တော်တော်များများမှာ ဘာသာရေးရန်ပုံငွေကို အကြောင်းပြုပြီးတော့ ပွဲလမ်းသဘင်တွေ နှစ်စဉ်ကျင်းပလေ့ရှိပါတယ်။ ကျင်းပတဲ့ပွဲတော်များများမှာလည်း လောင်းကစားဝိုင်းတွေကို ခွင့်ပြုပေးထားကြပါတယ်။ ဇာတ်ပွဲပါမစ်မှာတော့ ပွဲခင်းအတွင်းလောင်းကစားခြင်းခွင့်မပြု၊ အရက်သေစာမူးယစ်ဆေးဝါးသုံးစွဲခွင့် မပြုဆိုပေမယ့် လက်တွေ့မှာတော့ လောင်းကစားနည်းအမျိုးမျိုးကို လွတ်လွတ်လပ်လပ်ကြီး ပြုလုပ်နေကြပါတယ်။ လောင်းကစားဒိုင်ကရတဲ့ငွေနဲ့ ဇာတ်ပွဲငှားခ၊ ဘာသာရေးရန်ပုံငွေတွေ အသုံးပြုကြပါတယ်။ ကျွန်တော်တို့ဆီမှာဒီလိုလုပ်နေတာကတော့ ယဉ်ကျေးမှုဓလေ့ထုံးစံ တစ်ခုလိုဖြစ်နေပါပြီ။ ဒီလို လွတ်လွတ်လပ်လပ်လောင်းကစားလို့ရအောင် သက်ဆိုင်ရာတာဝန်ရှိ အာဏာပိုင်အဖွဲ့အစည်းတွေကို တစ်ညကိုဘယ်လောက်ဆိုပြီးတော့ လာဘ်ငွေပေးထားရပါတယ်။ လာဘ်ထိုးပြီးလုပ်တဲ့ပွဲခင်းတွေဖြစ်တဲ့အတွက် လောင်းကစားဒိုင်တွေကလည်းပဲ ကျေးရွာသူ ကျေးရွာသားတွေကို လိမ်ညာပြီးကစားကြပါတယ်။ ပွဲပြီးရင်တော့ တစ်ရွာလုံး သိန်းပေါင်းမြောက်မြားစွာ ရှုံးပြီးတော့ ကျန်ခဲ့ရပါတယ်။ လောင်းကစားဝိုင်းမှာပါတဲ့ပွဲတွေမသွင်းဖို့ ကျွန်တော်တို့ အနေနဲ့ပြောခဲ့ပေမဲ့လည်း ဓလေ့ထုံးစံလို ဖြစ်နေတာကတစ်ကြောင်း၊ ပြီးတော့ ဘာသာရေးနဲ့ကိုင်ပေါက် ပြီးတော့ မင်းဗုဒ္ဓဘာသာမဟုတ်ဘူးလား အမေးခံရလို့၊ အုပ်စုဖွဲ့ရန်ပြုခြင်းတွေလည်းခံရလို့ ကျွန်တော်တို့မှာ ဒါတွေကိုတားမြစ်လို့မနိုင်ဘူး

ဖြစ်နေပါတယ်။ လက်တွေ့သာဓကတစ်ခုရှိပါတယ်။ ၂၀၁၃ ခုနှစ် လောက်တုန်းက အခုလိုပဲ ပွဲခင်း တစ်ခုမှာလည်း ကျွန်တော်တို့ဘုတ်ပြင်းမြို့နယ် အလယ်မိုင်ကျေးရွာမှာ NLD ရပ်/ကျေးအတွင်းရေးမှူး က နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ ပွဲခင်းမှာလောင်းကစားဝိုင်းကို ဓာတ်ပုံရိုက်မိလို့ အကြီးအကျယ်ပြဿနာ တက်ခဲ့ဖူးပါတယ်။ အသက်အရှယ်ခြိမ်းခြောက်ခံရတဲ့အထိဖြစ်ခဲ့ ဖူးပါတယ်။ ဒီလိုတရားမဝင် လောင်းကစားမှုတွေ ကျွန်တော်တို့မြို့နယ်မှာရှိနေတာဟာ အဓိကကတော့ ဥပဒေကိုလက်တစ်လုံးခြား ကျင့်သုံးပြီးတော့ အဂတိလိုက်စားနေတဲ့ သက်ဆိုင်ရာဌာနဝန်ထမ်းတွေကြောင့်ဆိုတာတော့ ထင်ရှား နေပါတယ်။ ကျွန်တော် လွှတ်တော်လာခါနီး ၁၂-၁၁-၂၀၁၆ ရက်နေ့ ရှားလမိုင်ရွာဘုန်းကြီးကျောင်း ကထိန်ပွဲကို ကျွန်တော်ညဘက်ရောက်သွားပါတယ်။ ဇာတ်ပွဲနဲ့ လောင်းကစားဝိုင်းတွေအများကြီးပါ။ ကထိန်ပွဲခင်းမှာလည်း တာဝန်ရှိဝန်ထမ်းအချို့ကို တွေ့ရပါတယ်။ ဒါပေမဲ့ ဖမ်းဆီးအရေးယူခြင်း လုံးဝ မရှိပါဘူး။

နောက် ကျွန်တော်တို့ဘုတ်ပြင်းမြို့နယ်မှာ ယခုလိုပွင့်လင်းရာသီရောက်လို့ရှိရင် ဥယျာဉ် ခြံထွက်သီးနှံပေါ်ချိန် ပင်လယ်ဒေသမှာလည်း ကင်းမွန်မီးထွန်းလှေတွေ၊ ရေကူချလုပ်ငန်းတွေနဲ့ စီးပွားရေးအဆင်ပြေနေတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီလို အချိန်မှာ ပွဲကန်ထရိုက်တွေကလည်းပဲ ငွေပေါတဲ့၊ ငွေလျှံတဲ့အချိန်ကိုအကိုက် နှစ်ဝက်လောက်သူတို့က ပွဲခံကြပါတယ်။ နှစ်တိုင်းနှစ်တိုင်း ပွဲအချီတစ်ရာလောက်အထိ ကကြပါတယ်။ နောက် ဘုတ်ပြင်းမြို့ ဆင်ခြေဖုံးရွာလေးတွေမှာ လှည့်လည် ပြီးတော့ပွဲခံကြပါတယ်။ အခုကျွန်တော်တင်ပြနေတဲ့အချိန်မှာပဲ ဘုတ်ပြင်းမြို့အနီး သီရိမြိုင်ကျေးရွာ စိန်သာမဏိဘုရားဝင်းအတွင်းမှာ အောင်ပွဲသဘင်ကနေပါတယ်။ အဲဒီပွဲမှာပဲ အနီထောင်ဝိုင်း၊ လေးကောင်ကျင်း၊ အန်ဂလုံ၊ ချောက်ချက်ကစားနည်းမျိုးစုံကို တရားဝင်ပုံစံမျိုးလုပ်ပြီးတော့ ကွင်းလည်ခေါင်ကြီးမှာ ကစားနေကြပါတယ်။ ကျွန်တော်တို့က သက်ဆိုင်ရာတာဝန်ရှိသူတွေကို ဒီလိုမျိုးမလုပ်ဖို့ ပြောလို့လည်းပဲ သူတို့က ပါမစ်ထုတ်ပေးတဲ့အခါမှာ လောင်းကစားကို ခွင့်မပြု ထားဘူးလို့ ဝိနည်းရှောင်ပြီးဖြေကြားပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် ဓာတ်ပုံရိုက်ပြီးတော့ ပြည်သူ လူထုအနေနဲ့ တိုင်ကြားမယ်ဆိုရင်လည်းပဲ ဘာသာရေးတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ လောင်းကစား သမားတွေ၊ ပွဲကြည့်ပရိတ်သတ်တွေရဲ့ အမုန်းကိုခံရမှာဖြစ်ပါတယ်။ ကွင်းထဲမှာ မီးထိန်ထိန်လင်းပြီး လောင်းကစားဝိုင်းတွေလုပ်နေတာကို မသိကျိုးကျွန်ပြုနေတာကိုတော့ အဂတိလိုက်စားနေကြောင်းက ထင်ရှားနေပြီဖြစ်ပါတယ်။

အဆိုရှင်တင်ပြခဲ့သလို ကျွန်တော်တို့ဘုတ်ပြင်းမြို့နယ်မှာလည်းပဲ တခြားနေရာဒေသတွေက လိုမျိုးပဲ နှစ်လုံး၊ သုံးလုံး၊ ဘောလုံးပွဲဒိုင်တွေလည်း ဒီအတိုင်းပါပဲ။ လိုင်းကြေးပေးပြီးတော့ ပြုလုပ်နေကြ တာပါ။ နောက် All ဒိုင်တွေဆိုရင် တယ်လီဖုန်းလေးဆက်လိုက်ရုံနဲ့ စိတ်ကြိုက်ထိုးလို့ရပါတယ်။ ဆင်းရဲသားပြည်သူလူထုတွေအနေနဲ့ကတော့ ထီပေါက်ပြီးဆင်းရဲတွင်းကလွတ်မလားအထင်နဲ့ နှစ်လုံး၊ သုံးလုံးထိုးရင်းနဲ့ ဆင်းရဲတွင်းနက်သည်ထက်နက်နေကြရပါတယ်။ လောင်းကစားဝိုင်းကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ပြင်းပြင်းထန်ထန်ထိခိုက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းကစားမှုများနှင့်ပတ်သက်ပြီး ဥပဒေထုတ်တားမြစ်ရုံလောက်နဲ့ မလုံလောက် တော့ပါဘူး။ တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ အဂတိတရား ကင်းရှင်းဖို့လိုသလို တာဝန်ပျက်ကွက်အဂတိလိုက်စားနေမှုတွေကိုလည်း ဖော်ထုတ်ပြီးထိထိ ရောက်ရောက် အရေးယူပေးဖို့လည်း လိုအပ်ပါတယ်။ ဒါ့အပြင် ဆင်းရဲသားပြည်သူလူထုကြား အသိပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသွားရမှာလည်းဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုကို လုံးဝကောင်းကျိုးမပေးတဲ့ ဒီတရားမဝင်လောင်းကစားမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ထိရောက်စွာဟန့်တားဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေါ်မာမာခိုင် သထုံမဲဆန္ဒနယ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေး တိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သထုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့အဆိုကို အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က နိုင်ငံတော်မှ တရားမဝင်လောင်းကစားမှုများ အတွက် ဥပဒေ၊ နည်းဥပဒေများထုတ်ပြန်၍ တိတိကျကျအရေးယူဆောင်ရွက်ပေးပါရန် တိုက်တွန်း ကြောင်းအဆိုတစ်ရပ် တင်သွင်းထားပါတယ်။ လောင်းကစားဥပဒေရှိပြီးသားဖြစ်ပါတယ်။ ရှိပြီးသား ဥပဒေကို ထိရောက်စွာကိုင်တွယ်ဖို့လိုတယ်လို့ မြင်ပါတယ်။ ခေတ်နှင့်မလျော်ညီတော့တဲ့ လောင်းကစားဥပဒေကို ပြင်ဖို့လည်းလိုပါတယ်။ မြန်မာနိုင်ငံမှာသာလျှင် လောင်းကစားကို ထူးကဲ ကစားနေခြင်းမဟုတ်ပါဘူး။ အခြားဖွံ့ဖြိုးပြီးနိုင်ငံတွေမှာလည်း လောင်းကစားမှုရှိနေကြပါတယ်။

ဒါပေမဲ့ သူတို့နိုင်ငံတွေမှာ လောင်းကစားကို ဘယ်လိုဥပဒေ၊ နည်းဥပဒေထုတ်ပြီးကိုင်တွယ်နေကြတယ်။ ဘယ်လိုဗျူဟာတွေသုံးနေကြတယ်။ လောင်းကစားကို နိုင်ငံတော်အခွန်တွေတိုးအောင် ဘယ်လိုနည်းစနစ်တွေသုံးနေတယ်ဆိုတာကို ကျွန်မတို့ လေ့လာဆန်းစစ်ဖို့တော့လိုပါတယ်။ လူတွေဟာအလောင်းအစားနဲ့အတူ မွေးလာကြတယ်လို့တောင် ဆိုချင်ပါတယ်။ ဘာလို့ အဲဒီလိုပြောရသလဲဆိုရင်အလောင်းအစားနဲ့လွတ်ကင်းတဲ့သူ ဘယ်သူမှမရှိပါဘူး။ အနည်းနဲ့အများတော့ အလောင်းအစားလုပ်နေကြပါတယ်။ သူငယ်ချင်းနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် စကားပြောမတည့်လို့ အငြင်းပွားတဲ့အခါ လောင်းမလားကွာဆိုပြီးစခဲ့ကြပါတယ်။ မူလတန်းကလေးများကအစ စာအုပ်လှန်တမ်း၊ သားရေကွင်းပစ်တမ်း၊ ဒိုးဆက်၊ ကျားချနည်းမျိုးစုံကို နဖူးတောက်တမ်း၊ ဒူးထုတမ်း၊ အိုးမဲခွေတမ်းကစားခဲ့ကြပါတယ်။ အဲဒါတွေဟာလည်း ပိုက်ဆံမကုန်ဘူးဆိုပေမယ့် အလောင်းအစားတွေပဲဖြစ်ပါတယ်။ လောင်းကစားခြင်းဟာ ဒီဘက်ခေတ်မှာတင် ပေါ်ပေါ်တင်တင်ပေါ်ပေါက်လာခြင်းမဟုတ်ဘဲနဲ့ဟိုးရှေးဘုရင်လက်ထက်မှာကအစ ကြွေအံကစားခြင်း၊ ကြက်တိုက်ခြင်း၊ မြင်းပြိုင်ခြင်းများရှိခဲ့ပါတယ်။ ခေတ်အဆက်ဆက်မှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ပြောင်းလဲလာခြင်းဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် လောင်းကစားဟာ လုံးလုံးလျားလျားမပျောက်ခြင်းဟာ ဘာ့ကြောင့်လည်းဆိုတာ ဆန်းစစ်ဖို့တော့လိုပါတယ်။ စိတ်ပညာရှင်များကတော့ လူတွေဟာ လောင်းကစားမှုကပေးတဲ့ စိတ်လှုပ်ရှားခြင်းကို လိုချင်ကြတယ်။ လူတွေရဲ့သဘာဝကို စိတ်လှုပ်ရှားစွာနဲ့ အခက်အခဲကိုဖြတ်ပြီး အောင်မြင်မှုကိုလိုချင်ကြတယ်လို့ ဆိုထားပါတယ်။

ဥပမာ- Premier League ဘောလုံးပွဲကြည့်သူများဟာ အလောင်းအစားပါမှကြည့်ကောင်းတယ်။ မပါရင်ကြည့်မကောင်းဘူးလို့ပြောကြပါတယ်။ အဲဒါဟာလည်း စိတ်ခံစားမှုတစ်မျိုးပဲဖြစ်ပါတယ်။ နောက်ပြီး လူတွေဟာ ဘာ့ကြောင့်လောင်းကစားကိုလုပ်ကြတာလဲလို့ လေ့လာလိုက်တဲ့အခါပထမအချက်က လူတွေဟာ အလုပ်အကိုင်မရှိလို့၊ စီးပွားရေးမကောင်းလို့ မျှော်လင့်ချက်ထွက်ပေါက်အနေနဲ့ လောင်းကစားကို စမ်းလုပ်ကြတယ်။ ဒုတိယအချက်က ဝါသနာအရ အပျော်တမ်းလုပ်ကြတယ်လို့သိရပါတယ်။ အထူးသဖြင့် တောရွာမြို့ပါမကျန် လောင်းကစားကြောင့် အလွှာပေါင်းစုံဟာပျက်စီးနေကြပါတယ်။ အစက ပုံမှန်အလုပ်အကိုင်မရှိလို့ ဖြတ်လမ်းနည်းနဲ့စလုပ်ခြင်းကနေလောင်းကစားကို နစ်မြောသွားကြပါတယ်။ လောင်းကစားကို အလွန်အကျွံလုပ်ခြင်းကြောင့် မိသားစုဘဝတွေပျက်စီး၊ ရာဇဝတ်မှုတွေထိဖြစ်ပွားလာကြပါတယ်။ လောင်းကစားမှုကို ထိထိရောက်ရောက်ဖြေရှင်းနိုင်ဖို့အတွက် ပိတ်ပင်၊ ဖမ်းဆီး၊ ထောင်ချအပြစ်ပေးရုံနဲ့ လောင်းကစားဟာ ပပျောက်သွားမှာ

မဟုတ်ဘူးဆိုတာ သိထားရမှာဖြစ်ပါတယ်။ လောင်းကစားမှုနဲ့ဖမ်းဆီးတဲ့အမှုတွေသာများလာတယ်။ ပင်မကြီးကိုမဖြိုနိုင်ဘဲ ကိုင်းဖျားကိုသာခုတ်နေတော့ အချိန်တန်ရင် အရွက်တွေဝေစမြဲဖြစ်နေတာကို တွေ့ရပါတယ်။ အနာတခြားဆေးတခြားမဖြစ်ဖို့တော့ လိုပါတယ်။ ဥပမာတစ်ခုထပ်ပြောရမယ်ဆိုရင် ခဲ့ထီလောင်းကစားဆိုပါစို့။ ထိုးသူလည်းမွဲ ဒိုင်လည်းမွဲတာပါပဲ။ ဘယ်သူတွေကောင်းစားသွားသလဲ ဆိုရင် ကြားထဲကကော်မရှင်ကြေး၊ ရဲကြေး၊ ထောက်ကြေးရသူများသာ စားပေါက်ချောင်သွားကြပါ တယ်။ ဒါ့ကြောင့် ကုစားနည်းမှန်ဖို့လိုပါတယ်။ တရားမဝင်လောင်းကစားများဟာ အမှောင်ထဲမှာ လုပ်နေကြခြင်းဖြစ်ပါတယ်။ အမှောင်ထဲမှာလုပ်နေကြသရွေ့ အကျင့်ပျက်ခြစားမှုကကြီးထွားပြီး နိုင်ငံတော်အခွန်ဘဏ္ဍာလည်း မရရှိပါဘူး။ ခိုးကြောင်ခိုးဝှက်လုပ်လေ ပျက်စီးလေဖြစ်ပြီး အာမခံချက် လည်းမရှိ၊ မကျေနပ်တော့ ရာဇဝတ်မှုများဖြစ်သည်အထိ ဖြစ်ကြရပါတယ်။ လောင်းကစားရဲ့ ဆိုးကျိုး တွေပဲဖြစ်ပါတယ်။ ဆိုးကျိုးတွေကြားထဲကပဲ လူတွေဟာ အလောင်းအစားကိုမစွန့်လွှတ်နိုင်ကြပါဘူး။ အဲဒီတော့ လောင်းကစားဟာ လူ့ရဲ့ပင်ကိုသဘာဝဖြစ်တဲ့အတွက် အမြစ်ပြတ်အောင်လုပ်ဖို့ မလွယ်ဘူး လို့ထင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံမှာ တရားဝင်လောင်းကစားဖြစ်တဲ့ အောင်ဘာလေထီရှိပါတယ်။ အောင်ဘာလေထီဟာ နိုင်ငံတော်အတွက် အခွန်ရသလို အာမခံချက်လည်းရှိ၊ ထီရောင်းသူများလည်း အလုပ်အကိုင်ရရှိပါတယ်။ ဒါ့ကြောင့် အမှောင်ထဲကလောင်းကစားကို အလင်းကိုဆွဲထုတ်နိုင်မယ် ဆိုရင်တော့ ဘယ်လိုအကျိုးရှိနိုင်မလဲဆိုတာ စဉ်းစားကြဖို့နဲ့ လောင်းကစားကို လုံးဝပပျောက်သွား အောင် မည်သို့ပြုလုပ်ကြမည်ကို ဝိုင်းဝန်းပြီးစဉ်းစားဆောင်ရွက်သင့်ပါကြောင်း ပြောကြားရင်းနဲ့ အကြံပြုဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ကြွရောက်လာသောဧည့်သည်တော် အပေါင်းတို့ခင်ဗျား။ ဦးစွာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်တင်သွင်းတဲ့ နိုင်ငံတော်နှင့်ပြည်သူအတွက် နိုင်ငံရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေးတို့ကို ထိခိုက်

ပျက်စီးစေသော တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေဖြင့် အချက်သုံးချက်အပေါ်မူတည်ပြီးတော့ တင်ပြဆွေးနွေးတာကို တွေ့ရပါတယ်။ ပထမတစ်ချက်အနေနဲ့ နိုင်ငံတော်က တရားမဝင်လောင်းကစားမှုအတွက် ဥပဒေ၊ နည်းဥပဒေများကိုထုတ်ပြန်၍ တိတိကျကျအရေးယူဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းကြောင်းဖော်ပြထားပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ ၁၉၉၀ ခုနှစ်ကနေစပြီးတော့ နှစ်လုံးထီ၊ သုံးလုံးထီ၊ ဘောလုံးလောင်းကစားမှု အနယ်နယ်အရပ်ရပ်မှရန်ပုံငွေအတွက် အာဝါဒေး အစရှိတဲ့လောင်းကစားရန်ပုံငွေပြုလုပ်တဲ့အတွက်ကြောင့် ဒီလောင်းကစားမှုဟာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ်လုပ်ဆောင်နေတာကို တွေ့ကြုံရကြောင်းဖော်ပြထားတာကို တွေ့ရပါတယ်။ နောက် တတိယတစ်ချက်အနေနဲ့ကတော့ တရားမဝင်လောင်းကစားမှုကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲအကျိုး၊ အပြစ်များကို ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေအတိအကျရှိပါသော်လည်း တရားဥပဒေအရ ထိရောက်စွာဟန့်တားအရေးယူဆောင်ရွက်နိုင်ခြင်းမရှိတာ ဘာ့ကြောင့်လဲ။ အဲဒါကျတော့ အားလုံးသိရှိပါတယ်။ တရားဥပဒေစိုးမိုးမှု မရှိတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဒါ့ကြောင့် တရားဥပဒေစိုးမိုးမှုရှိလာရန်အတွက် အဖြေရှာဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြအပ်ပါတယ်။ နောက်ဆက်လက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်လောင်းကစားဝိုင်းများဟာ ပြောင်ပြောင်တင်းတင်း လုပ်ဆောင်ရပ်တည်နိုင်တာဟာ လောင်းကစားအရွယ်အစားအလိုက် လိုင်းကြေးများပေးပြီးတော့ အကာအကွယ်ယူလုပ်ဆောင်နေကြတာကို သိရှိရပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ် မြို့၊ ရွာတိုင်းလိုလိုမှာဆိုရင် တရားမဝင်လောင်းကစားဝိုင်းများ ရှိကြပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြဝတီမှာဆိုရင် အဖွဲ့အစည်းအချို့က Casino လောင်းကစားဝိုင်းကြီးများ ဖွင့်လှစ်လျက်ရှိနေတာကို တွေ့မြင်ရပါတယ်။ ဟန့်တားဖို့၊ အရေးယူဖို့ ဆောင်ရွက်ဖို့မလွယ်ကူပါဘူး။ ဘာကြောင့်လဲ။ သူတို့ရဲ့နောက်ကွယ်မှာ အဖွဲ့အစည်းကြီးများရပ်တည်လျက်ရှိကြောင်း တွေ့ရပါတယ်။ ဒါ့ကြောင့် အောက်ခြေအနေနဲ့ ဘယ်လိုမှဟန့်တားလုပ်ဆောင်လို့ ရနိုင်မှာမဟုတ်ဘူး။ ပြည်ထောင်စုအစိုးရအနေနဲ့ ဖြေရှင်းဆောင်ရွက်မှသာလျှင် ဒီလောင်းကစားဝိုင်းတွေ ပပျောက်နိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုအစိုးရအနေနဲ့ ဖြေရှင်းဆောင်ရွက်ပေးဖို့ရန်လိုအပ်ပါကြောင်း တင်ပြဆွေးနွေးလိုပါ

**မူကြမ်း**

တယ်။ နောက် ဆက်လက်ပြီးတော့ တရားမဝင်လောင်းကစားမှုများဖြင့် မသမာသောနည်းတွေ၊ မတရားသောနည်းတွေ၊ တရားမဝင်သောနည်းမျိုးစုံနဲ့ မိမိတို့ကိုယ်ကျိုးအတွက် ဘယ်သူသေသေ ငတေမာရင်ပြီးရောဟုသောလူတစ်စုနှင့် သက်ဆိုင်ရာအကျင့်ပျက်ဝန်ထမ်းအဖွဲ့အစည်းများ၊ ဥပဒေကို မထီမဲ့မြင်ပြုကာ ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်နှင့်ပြည်သူတွေရဲ့ဘဝက အမှောင်ထုထဲ၊ နွံထဲ နစ်သည်ထက်နစ်ဝင်သွားတာ တွေ့မြင်ရပါတယ်။ ဒါ့ကြောင့် ပြည်သူ့ဘဝကိုကယ်တင်ပေးဖို့ လိုအပ်နေပါပြီ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်လောင်းကစားဝိုင်းများဟာ သေးသေးလေးလို့ထင်ရ ပေမယ့် အနုမြူဗုံးကြီးနဲ့တူပါတယ်။ ပေါက်ကွဲလို့ရှိရင်တော့ အားလုံးပျက်စီးဆုံးရှုံးသွားမှာဖြစ်ပါတယ်။ ဤအန္တရာယ်ကိုကာကွယ်ဖို့ အထူးပဲလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တရားမဝင်လောင်းကစားမှုများသည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် တစ်နွယ်ငင်တစ်စင်ပါ ဆက်နွယ်နေသဖြင့် အောက်ခြေအနေဖြင့် ဟန့်တား ဆောင်ရွက်နိုင်မှာမဟုတ်ပါ။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အဆိုရှင် ဒေါ်မာမာခိုင် အဆိုပြုသကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွား ရေးတို့ကို ထိခိုက်ပျက်စီးစေသော တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို အတည်ပြုပေးနိုင် ရန် ထောက်ခံဆွေးနွေးအကြံပြုအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ရေဦးမဲဆန္ဒနယ်က ဒေါက်တာမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ ဒေါ်မာမာခိုင် သထုံမဲဆန္ဒနယ်က တင်သွင်းသော အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ နေရာတော်တော်များများမှာ ဝမ်း၊ တူး၊ သရီးဆိုရင် လောင်းကစားဆိုတာ ကို တော်တော်များများ နားလည်နေကြပြီဖြစ်ပါတယ်။ ဝမ်းက ဘောလုံးပွဲလောင်းခြင်း၊ တူးက နှစ်လုံးထီ လောင်းခြင်း၊ သရီးက သုံးလုံးထီလောင်းခြင်းဆိုတာကို ရှင်းပြစရာမလိုလောက်အောင် ရင်းနှီးနေကြပြီ ဖြစ်ပါတယ်။ ဒါကို အမှန်တကယ်ထိရောက်စွာ ဟန့်တားဖို့လိုပါတယ်။ ဒီအခြေအနေကို ထိရောက်စွာ

ဟန့်တားအရေးယူဖို့ဆိုရင် အားလုံးဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်ကြမှ ဖြစ်မယ်လို့ထင်ပါတယ်။ ပြဿနာတစ်ခုကို ဖြေရှင်းရာမှာ လက်ပူတိုက်ဖြေရှင်းတာမျိုး ဟန်ပြအဖြစ် အရေးယူဆောင်ရွက်တာမျိုးမဖြစ်စေလိုတော့ပါဘူး။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ တရားမဝင်လောင်းကစားတွေဘာဖြစ်လို့ ဒီလောက်ပေါများရတာလဲလို့ စဉ်းစားလိုက်ရင် ထိရောက်စွာ ဟန့်တားမှုကို ဆောင်ရွက်ရသော ရဲဝန်ထမ်းများရဲ့ အားနည်းချက်နှင့် မပြေလည်မှုကိုအခြေခံပြီး စီးပွားရေးလုပ်စားကြတဲ့ စီးပွားရေး သမားများကြောင့်ဖြစ်ပါတယ်။ ထိရောက်စွာဟန့်တားမှုကို ဆောင်ရွက်ရသော ရဲဝန်ထမ်းအရေအတွက်ကို ပြည့်စုံအောင် ခန့်ထားပေးနိုင်ရန် လိုအပ်ပါတယ်။ ရဲဝန်ထမ်းများမှာလည်း အဆင့်ဆင့်သောအဖြတ်အတောက်များ၊ ဧည့်ခံစရိတ်များ၊ လက်ဆောင်ကန်တော့ကြေးများကို ရှာဖွေကြရသော အလေ့အထများနှင့် အစဉ်အလာကို လျော့နည်းပပျောက်သွားစေရန် ဆောင်ရွက်ကြရပါမယ်။ ငွေကြေးနှင့်ဆောင်ရွက်ရသော ရဲလုပ်ငန်းများကိုလည်း ငွေကြေးဝန်ထုတ်ဝန်ပိုမဖြစ်စေရေးကို စီစဉ်ပေးနိုင်ရန်လိုအပ်ပါတယ်။ ရဲဝန်ထမ်းများဟာ အချိန်ပြည့်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ မိသားစုများရဲ့နေရေးထိုင်ရေးလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ အခက်အခဲနှင့်လိုအပ်ချက်များကို အမှန်တကယ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စိတ်ဓာတ်နှင့်စွမ်းဆောင်ရည်မြှင့်သင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တရားမဝင်လောင်းကစားများ လျော့နည်းပပျောက်စေရေးကို မဖြစ်မနေဆောင်ရွက်ကြရပါမယ်။ ဒီတာဝန်ကို တာဝန်ယူဆောင်ရွက်ရသော ဝန်ထမ်းများကလည်း ကျင့်ဝတ်ကို မဖောက်ဖျက်ဘဲ ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်ပါတယ်။ အလောင်းအစားပြုလုပ်သူများ၊ ပါဝင်ပတ်သက်နေသူများကို သိရှိနေသော်လည်း ထိရောက်စွာဟန့်တားအရေးယူဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ တရားဥပဒေစိုးမိုးရေးကိုမျက်ကွယ်ပြု ဥပဒေကိုပြောင်ပြောင်တင်းတင်းချိုးဖောက်နေကြတာဖြစ်ပါတယ်။ မူဝါဒတစ်ခုကိုချမှတ်ကာ ပြင်းပြင်းထန်ထန်အရေးယူလုပ်ဆောင်ဖို့လည်း လိုအပ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ စိတ်ဓာတ်ပျက်ပြားခြင်း၊ လွယ်လွယ်ကူကူလောင်းကစားပြုလုပ်ခွင့်ရခြင်းတို့ဟာ လောင်းကစားကျူးလွန်သူဦးရေကို ပိုများစေပါတယ်။ ဥပဒေမဲ့လုပ်ရပ်တစ်ခုလို သဘောမထားဘဲ အလောင်းအစားကိုကျူးလွန်နေကြတာဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအနှောင့်အယှက်ဖြစ်ပါတယ်။ ဘောလုံးပွဲများဖြင့် လောင်းကစားကျူးလွန်နေကြသော လူငယ်များရဲ့အနာဂတ်ဟာလည်း စိုးရိမ်စရာကောင်းပါတယ်။ လူငယ်များကြားမှာ ဥပဒေ၊

ကျန်းမာရေး၊ အားကစား၊ အနုပညာနှင့်သက်ဆိုင်သော ပညာရပ်အခြေခံသင်တန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်ဆောင်ရွက်ပေးသင့်ပါတယ်။

နောက်ထပ်ဆွေးနွေးလိုတာကတော့ လောင်းကစားမှုများပေါ်များရခြင်းရဲ့ အကြောင်းနှင့် အကျိုးတို့ပဲဖြစ်ပါတယ်။ နိုင်ငံစီးပွားရေးမဖွံ့ဖြိုးခြင်း၊ ပညာရေးကိုဆုံးခန်းတိုင်မသင်ကြားနိုင်ခြင်း၊ လူသားအရင်းအမြစ်ကို အမှန်တကယ်အကျိုးရှိအောင်အသုံးမချနိုင်ခြင်း စတာတွေဟာ လောင်းကစား ပေါ်များလာရခြင်းရဲ့အကြောင်းတွေပဲဖြစ်ပါတယ်။ အကျိုးနှင့်အပြစ် လူမှုအဝန်းအဝိုင်းကြားမှာ အလုပ်လုပ်ကိုင်လိုစိတ်ပျက်ပြားလာခြင်း၊ လွယ်လင့်တကူဝင်ရောက်လိုလာခြင်း၊ အကတိလိုက်စားမှု များကို အားပေးရာရောက်ရှိခြင်း၊ ဒုစရိုက်မှုများကို လွယ်လင့်တကူကျူးလွန်ရာ ရောက်ရှိခြင်းတို့ဖြစ် ပါတယ်။ အကြောင်းကို အဓိကဖြေရှင်းဆောင်ရွက်မှသာ အမှန်တကယ်လျှော့နည်းပပျောက်စေမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်ကတင်သွင်းသော နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီး စေသော တရားမဝင်လောင်းကစားများကို ထိရောက်စွာ ဟန့်တားအရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရ အားတိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်စိုးနွယ်အေး(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားထိုက်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးနွယ်အေး ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့အဆိုကို ထောက်ခံတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ လေးစားထိုက်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြန်မာနိုင်ငံမှာဆိုရင် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ တိုင်းပြည်ရဲ့ စီးပွားရေးကျဆင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုအပေါ်မှာ အခွင့်အလမ်းယူပြီး တရားမဝင်လောင်းကစားမှုတွေဟာ ဦးမော့လာပြီး ယနေ့အချိန်အထိ အမြစ်တွယ်ရှင်သန်နေဆဲဖြစ်ပါ တယ်ရှင်။ ယနေ့ ပြည်တွင်းလူ့အဖွဲ့အစည်းအတွင်းမှာဖြစ်ပွားနေဆဲဖြစ်တဲ့ နှစ်လုံးထီ၊ သုံးလုံးထီများ အပါအဝင် တရားမဝင်လောင်းကစားမှုများကို ခြုံငုံသုံးသပ်ပြီးပြောရမယ်ဆိုရင် နိုင်ငံတော်အစိုးရ

အနေနဲ့ နိုင်ငံတော်တစ်ဝန်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စရပ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ အဓိက အဟန့်အတား အနှောင့်အယှက်ဖြစ်စေတဲ့ နယ်မြေအသီးသီးမှာပျံ့နှံ့လျက်ရှိတဲ့ နှစ်လုံးထီ၊ သုံးလုံးထီ အပါအဝင် တရားမဝင် လောင်းကစားမှုတွေကြောင့် လူ့အဖွဲ့အစည်းအတွင်းမှာ ဘဝပျက်၊ စီးပွားပျက်၊ လူမှုဒုက္ခမျိုးစုံကို ကြုံတွေ့ခဲ့ရပါတယ်ရှင်။ ခိုးမှု၊ လုယက်မှု၊ ဓားပြမှုများစတဲ့ ပြစ်မှုကြီးများဟာ လောင်းကစားမှုမှ အခြေခံဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲပြစ်မှုကြီးများကို ဖြစ်ပေါ်စေပါတယ်ရှင်။ ဒီလောင်းကစားမှုတွေရှိနေတဲ့အတွက် နိုင်ငံတော်အပေါ်မှာလည်း အခွန်အမြတ်မရှိပါဘူး။ ဒီအချက်ကို ထည့်သွင်းတင်ပြရခြင်းမှာ ကမ္ဘာပေါ်မှာရှိတဲ့ အချို့နိုင်ငံတွေမှာ လောင်းကစားမှုကို နိုင်ငံစီးပွားဖြစ် လုပ်ငန်းအဖြစ် အခွန်ရအောင် ရှာပေးနိုင်လို့ပါပဲ။ လောင်းကစားမှုပြုနေတဲ့အတွက်ကြောင့် လောင်းကစားမှုကို ခွင့်ပြုတာဝန်ရှိသူတွေရယ်၊ လောင်းကစားမှုပြုတဲ့သူတွေရယ်လို့ လူတန်းစား နှစ်ရပ်သာ အဆင်ပြေကြီးပွားကြပြီး လောင်းကစားမှုမှာ ထိုးသားအဖြစ်ပါဝင်တဲ့သူတွေဟာ ဥပမာ အားဖြင့် နှစ်လုံး၊ သုံးလုံး စောစောက ကိုယ်စားလှယ်ကြီးတွေပြောသွားခဲ့သလိုမျိုးပဲ ဘောလုံးရာသီတွေ မှာဆိုလို့ရှိရင်လည်း နေ့စဉ်ရက်ဆက်ရှိနေမှုတို့ကြောင့် ထိုလောင်းကစားမှုများအပေါ်မှာပဲ စွဲလမ်းပြီးတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေပျက်စီးကြရပါတယ်ရှင်။ ဒါတွေဟာ တိုင်းပြည်အတွက် လွန်စွာ နစ်နာခဲ့သလို ဒီလောင်းကစားမှုတွေဆက်ပြီးရှိနေမယ်ဆိုရင် ရင်လေးစရာကိစ္စကြီးပါရှင်။ ထိုလောင်းကစားများရဲ့ နှစ်စဉ်ဖြစ်ပွားမှုနှုန်းဟာလည်း ကျဆင်းခြင်းကို မတွေ့ရှိရပါဘူး။ ထိုအမှုဖြစ် သည့်ဆိုသူများမှာလည်း ဒိုင်ချုပ်ကြီးများမဟုတ်ဘဲ လက်ခွဲဒိုင်များကိုသာ အမှုပေါ်ပေါက်စေပါတယ်။ ထိုအကြောင်းအရာများကို လူ့အဖွဲ့အစည်းများမှ အားလုံးသိရှိနေကြသော်လည်း တာဝန်ရှိအုပ်ချုပ်ရေး ပိုင်းဆိုင်ရာများမှာ မသိချင်ယောင်ဆောင်နေ၍လည်းကောင်း၊ လိုင်းကြေးများယူ၍လည်းကောင်း၊ ခွင့်ပြုထားခြင်းကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် ဒီလောင်းကစားမှုတွေကို လျှော့နည်းပပျောက်စေဖို့ ဆိုရင် တာဝန်ရှိသူ အစိုးရဝန်ထမ်းများဘက်မှ အဂတိကင်းစွာနဲ့ တိတိကျကျဆောင်ရွက်ဖို့လိုကြောင်း သုံးသပ်တင်ပြလိုပါတယ်ရှင်။

သို့ဖြစ်ပါ၍ လောင်းကစားမှုပပျောက်တဲ့အထိ ဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း လောင်းကစားမှုပပျောက်ရေးကော်မတီ၊ လောင်းကစားမှုအသိပညာပေးရေးအဖွဲ့များက လောင်းကစားမှု ဦးမော့မလာစေရန် ပညာပေးဟောပြောမှုတွေပြုလုပ်ပြီး လောင်းကစားမှုကျူးလွန်လျှင် ကျခံရမယ့် ပြစ်ဒဏ်တွေကို သိရှိစေဖို့ ကြော်ငြာဆိုင်းဘုတ်တွေစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊

လောင်းကစားမှုပြုလုပ်လေ့ရှိသူ၊ ကျော်ဇောသတင်းရှိသူတို့ကို စောင့်ကြည့်တာတွေပြုလုပ်ရန် တာဝန်ရှိ၊ တာဝန်သိပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ အရေးယူ ဆောင်ရွက်ရာမှာလည်း လောင်းကစားသမားများနှင့်ဆက်နွယ်ပြီး မသမာမှုပြုလုပ်ကြတဲ့ တာဝန်ရှိ ဝန်ထမ်းများ၊ လောင်းကစားမှုဖမ်းဆီးဖို့ တာဝန်ပျက်ကွက်တဲ့ ဝန်ထမ်းများနှင့် လောင်းကစားသမား များဆီက လာဘ်ငွေယူတဲ့ဝန်ထမ်းများကို ရာထူးကြီးငယ်မရွေး စစ်ဆေးဖော်ထုတ် အရေးယူ ဆောင်ရွက်သင့်ပါကြောင်း ထပ်မံအကြံပြုလိုပါတယ်ရှင်။

နိဂုံးချုပ်အနေနဲ့ ယနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီဖြစ်ထွန်းမှုအတွက် ကြိုးစားပြီးဆောင်ရွက် နေရတဲ့ အသွင်ကူးပြောင်းရေးကာလဖြစ်ပါသောကြောင့် တိုင်းပြည်ရဲ့ပကတိအနေအထားအရ လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံပြီး တိုင်းပြည်တည်ဆောက်ရမှာဖြစ်တဲ့အတွက် နိုင်ငံသားများက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ဖို့ လိုအပ်နေပါတယ်။ ထို့အတွက်ကြောင့်မို့လို့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမရှိစေတဲ့ အဟန့်အတားဖြစ်စေတဲ့ တရားမဝင်အလောင်းအစားများကို အရေးယူပေးသွားပါရန် အကြံပြုထောက်ခံဆွေးနွေးပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်ဧည့်သည်တော်များအားလုံးကို ကျန်းမာပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်က သထုံမဲဆန္ဒနယ်မြေမှ အဆိုရှင် ဒေါ်မာမာခိုင်ရဲ့ နိုင်ငံနှင့်ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေသောကြောင့် တရားမဝင်လောင်းကစားမှုများ ကို ထိရောက်စွာ ဟန့်တားအရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအား တိုက်တွန်းကြောင်းအဆို ကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်လောင်းကစားမှုများဟာ ပြည်သူများအတွက် နိုင်ငံရေးမှာ ရှုပ်ထွေးထိခိုက်သွားတာကို တင်ပြပါရစေ။ ၁၉၉၇-၁၉၉၈ ကာလတွေကနေပြီးတော့ ၂၀၀၁-၂၀၀၂ ကာလတွေမှာ တိုင်းပြည်မှာ လောင်းကစားတွေ အလွန်ပေါ်များခဲ့ပါတယ်။ လေးကောင်ဂျင်၊ ခြောက်ကောင်ဂျင်နှင့် တစ်လုံး၊ နှစ်လုံး၊ သုံးလုံးထီတွေနဲ့ ပြည်သူအများဟာ တရုန်းရုန်းဖြစ်နေခဲ့ပါ တယ်။ ကျွန်တော်တို့ ကျေးလက်ဒေသတွေမှာ လောင်းကစားသမားတွေက ဘုရားပွဲ၊ ကျောင်းပွဲတွေမှာ

ဇာတ်ပွဲတွေမှာ တာဝန်ယူငှားပေးပြီး လောင်းကစားနည်းမျိုးစုံနှင့် တရားဝင်သဖွယ်လုပ်ခဲ့ကြပါတယ်။ တစ်မြို့နယ်ထဲမှာရှိတဲ့ ဘုရားပွဲတွေကုန်လို့ကောက်ရိုးပုံကို ထီးတင်ပွဲလုပ်ပြီး လောင်းကစားဝိုင်းထောင် ခဲ့ကြပါတယ်။ အသေအချာပြန်သုံးသပ်ကြည့်ရင် အဲဒီကာလဟာ နိုင်ငံရေးနယ်ပယ်မှာ လွှတ်တော်ခေါ် ယူရေးတိုက်ပွဲဆင်နွှဲနေတဲ့ကာလပါ။ NLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၀၀ ကျော်နဲ့ စုစုပေါင်း ၁၀၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းနေရတဲ့ကာလလည်း ဖြစ်ပါတယ်။ လောင်းကစားပတ်ဝန်းကျင်ထဲက ပြည်သူက တိုင်းပြည်ရဲ့ဒီမိုကရေစီအရေးကို အားပေးမိရင် ချဲစနစ်နဲ့အလွယ်တကူထောင်ဖမ်းလို့ ထောင်နန်းစံခံရသူတွေလည်း အများအပြားရှိခဲ့ရပါတယ်။ တရားဥပဒေစိုးမိုးရေးမှာအရေးပါတဲ့ ရဲတပ်ဖွဲ့အရာရှိများရဲ့ မိမိအထက်အရာရှိများကို ကန်တော့ရတဲ့နေရာပြောင်းရွှေ့ကြေးဟာလည်း လောင်းကစားထူပြောတဲ့ဒေသဟာ အမြင့်ဆုံးကြေးဖြစ်ခဲ့လို့ ဝန်ထမ်းတွေကြားမှာလည်း စိတ်ဝမ်းကွဲ ပြားမှုတွေ ရှိနေခဲ့ပါတယ်။ လောင်းကစားနှင့် နိုင်ငံရေးရှုပ်ထွေးသွားခြင်းပါ။ အတိတ်ထဲက ရုန်းမထွက် နိုင်လို့ ဒီကိစ္စတွေကို တင်ပြပြောဆိုနေတာမဟုတ်ပါဘူး။ ယနေ့အထိ အချို့မြို့နယ်တွေမှာ တိုးတိုး တိတ်တိတ်၊ တိတ်တိတ်ပုန်း၊ အချို့မြို့နယ်တွေမှာ ပြောင်ကျကျ တရားမဝင်လောင်းကစားတွေဟာ ပြည်သူတွေရဲ့လုံခြုံတည်ငြိမ်အေးချမ်းတဲ့ဘဝတွေကို နှောင့်ယှက်နေဆဲပါ။ ခြိမ်းခြောက်နေဆဲပါ။ အဆို ရှင်နှင့်တကွ ကျွန်တော့်ရှေ့ကဆွေးနွေးကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေး တင်ပြချက်တွေဟာ ထင်ရှားနေပါတယ်။ ဒါကြောင့် တရားမဝင်လောင်းကစားလောကကို ထိရောက်စွာ ဟန့်တားသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းကစားစိတ်(Gambling Spirit) လူတိုင်းမှာရှိတတ်တဲ့စိတ်ပါ။ နိုင်ငံရေးသမား၊ စီးပွားရေးသမား၊ ကျောင်းသား စသဖြင့်လူတော်တော်များများတွေမှာ လောင်းကြေး ထပ်ပြီးတော့ စိတ်လှုပ်ရှားမှုကို ပျော်ရွှင်ခံစားတတ်တဲ့သူတွေလည်း ရှိတတ်ပါတယ်။ ၂၀၀၄ ခုနှစ် စင်ကာပူမှာ ကာစီနိုကို တရားဝင်ဆောင်ရွက်ပေးလိုက်တဲ့အတွက် အလုပ်သမား ၁၀၀၀ လောက် အလုပ်ရခဲ့ပါတယ်။ အဲဒီလုပ်ငန်းက စင်ကာပူအစိုးရက တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၂၃၅ သန်းကနေ ၃၀ သန်းထိရတယ်လို့ လေ့လာသိရှိရပါတယ်။ လောင်းကစားချင်တဲ့ ကမ္ဘာလှည့်ခရီးသည် အရေအတွက်လည်း တိုးလာပါတယ်။ လောင်းကစားကို မက်မောခြင်းကြောင့် မလိုလားအပ်တဲ့ လူမှု ရေးပြဿနာများဖြစ်တဲ့ ရာဇဝတ်မှုထူပြောခြင်း၊ လူမွဲဖြစ်ခြင်း၊ အကြွေးတင်ခြင်းမှ မိမိကိုယ်ကို သတ်သေခြင်းထိကိစ္စများကို ရှောင်ရှားနိုင်ရန်၊ ကြွယ်ဝချမ်းသာသူများကိုသာ လောင်းကစားရုံအတွင်း ဝင်ခွင့်ပေးပါတယ်။ စင်ကာပူကာစီနိုခေါ်ဆောင်ရေးအာဏာပိုင်များအနေနဲ့ လိုအပ်တဲ့စည်းကမ်း

များကို ချမှတ်ပေးတဲ့အပြင် ဥပဒေဖြင့်လည်း တရားဝင်ဖြစ်စေရန် ပြဋ္ဌာန်းထားပါတယ်။ ဟောင်ကောင်မှာ ဗြိတိသျှအစိုးရလက်ထက်ကတည်းက လောင်းကစားခြင်းကို အကန့်အသတ်နဲ့ခွင့်ပြုပါတယ်။ ၁၉၉၉ ခုနှစ်နောက်ပိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံလက်အောက် အာဏာလွှဲပြောင်းသည့်အခါမှာလည်း လောင်းကစားကို ဆက်လက်ခွင့်ပြုထားခဲ့ပါတယ်။ လောင်းကစားမက်တဲ့တရုတ်လူမျိုးတွေအတွက် လောင်းကစားကိုခွင့်ပြုသော Betting Duty Ordinance နှင့် Gambling Ordinance တွေကို ပြဋ္ဌာန်းထားပါတယ်။ လောင်းကစားကို နိုင်ငံတော်ပိုင်အဖြစ် ပြဋ္ဌာန်းထားပြီး မြင်းပြိုင်ပွဲ၊ ဘောလုံးပွဲလောင်းခြင်း၊ ထီထိုးခြင်း၊ မာစကျော့ကစားခြင်းနှင့် မိုကာကစားခြင်းတွေကို တရားဝင်ခွင့်ပြုထားပါတယ်။ သို့သော် ပြည်ပအခြေစိုက်လောင်းကစားကုမ္ပဏီများနှင့် ကစားခြင်းကိုတော့ ဟောင်ကောင်သားများက ကန့်သတ်ထားတယ်လို့ လေ့လာသိရှိရပါတယ်။ အမေရိကန်နိုင်ငံမှာလည်း ပြည်သူများ စိတ်အပန်းပြေစေရန် လောင်းကစားကို အကန့်အသတ်နဲ့ခွင့်ပြုထားပါတယ်။ နိုင်ငံတစ်ဝန်းလုံးမဟုတ်ဘဲ ကာလီဖိုးနီးယားပြည်နယ်နှင့် လက်ဗီးဂတ်(စ်)မြို့များမှာသာ ခွင့်ပြုထားပါတယ်။ လောင်းကစားကို တရားဝင်ခွင့်ပြုလိုက်တယ်ဆိုရင် အကျိုးအရှိဆုံးကတော့ အစိုးရဖြစ်ပါတယ်။ အခွန်ကောက်ခံရနိုင်ပါ တယ်။

သို့သော်လည်း ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းပြည်ဟာ ခုမှ တိုင်းသစ်ပြည်သစ်ထူထောင်နေတာဖြစ်ပါတယ်။ ပြည်သူများ အကျင့်စာရိတ္တကောင်းမှ ကျွန်တော်တို့မျှော်မှန်းတဲ့ပန်းတိုင်ကို ရောက်မှာဖြစ်ပါတယ်။ ဒါကြောင့် အကျင့်စာရိတ္တကို ကောင်းကောင်းထိခိုက်စေတဲ့၊ ပြည်သူလူထုများရဲ့စီးပွားရေးဘဝတွေကို ထိခိုက်စေတဲ့၊ ပညာရေးဘဝတွေကို ထိခိုက်စေတဲ့၊ အပြစ်နှင့်တကွဖြစ်တဲ့ ဒီတရားမဝင်လောင်းကစားမှုကို ထိရောက်စွာဟန့်တားသင့်ပါကြောင်း ထောက်ခံတင်ပြပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်ခင်ဗျား။ လွှတ်တော်က သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းကို လိုက်နာပါ။ ကျွန်တော်တို့ သတ်မှတ်ထားတာလယ်ကတုံးအဖြူဖြစ်ပါတယ်။ ကျွန်တော် နောက်ဆိုရင် ပွင့်ပွင့်လင်းလင်းပြောမယ်။ ဆွေးနွေးခွင့်ပိတ်ချင်ပိတ်မယ်။ လွှတ်တော်တက်ခွင့်ပိတ်ချင်လည်းပိတ်မယ်။ လွှတ်တော်က သတ်မှတ်ထားတဲ့ စည်းကမ်းကိုတော့ မည်သည့်ကိုယ်စားလှယ်မဆိုလိုက်နာဖို့ လိုအပ်ပါတယ်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး အပုတ်မခံနိုင်ပါဘူး။ အဲဒါ မြဲမြဲသတိထားပါ။ ကျွန်တော် သတိပေးပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးပေါလ်ဆိုင်း(ဒီးမော့ဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော် ကတော့ ဒီမောဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ဆိုင်းဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာမာခိုင် တင်သွင်းတဲ့ နိုင်ငံတော် နှင့်ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီး စေတဲ့ တရားမဝင်သော လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၈၈ ခုနှစ် နောက်ပိုင်းကစပြီး မြို့နယ်တိုင်းနီးပါးလောင်းကစားတွေ ပေါ်များလာခဲ့ပါတယ်။ နှစ်လုံးထီ၊ သုံးလုံးထီ၊ ဘောလုံးလောင်းကစား၊ လေးကောင်ဂျင်၊ ခြောက်ကောင်ဂျင်၊ အာဝါဒေးစသဖြင့် မြို့တိုင်းနယ်တိုင်း နီးပါး တရားဝင်စီးပွားရေးလုပ်ငန်းတွေအလား လူတစ်ရုန်းရုန်း စည်ကားစွာပြုလုပ်နေကြတော့တယ်။ အဲဒီ လောင်းကစားတွေကြောင့် တချို့ဆို အိမ်ထောင်ကွဲ၊ လယ်ယာတွေပြုတ်၊ အိမ်တွေပြုတ်၊ တိုက်တာ တွေပြုတ်၊ ကားတွေပြုတ်၊ ကုမ္ပဏီတွေပြုတ်သွားခဲ့ပါတယ်။ အကြွေးတွေလည်း လည်ပင်းခိုက်ပြီး ထွက်ပြေးသူတွေ၊ အကြွေးမဆပ်နိုင်လို့ ကြိုးဆွဲချသေသူတွေ၊ ချဲမလျော်နိုင်လို့ ခေါင်းဖြတ်သတ်ပြီး မလျော်နိုင် ဒိုင်မလုပ်နှင့် စာချိတ်တဲ့ဖြစ်ရပ်တွေ၊ နောက်ဆုံးကြံမိကြံရာထွက်ပေါက်ရှာပြီး ငွေအလွယ်ရ ဖို့ခိုးမှု၊ ဖောက်ထွင်းမှု၊ လုယက်မှု၊ ဓားပြမှုတွေ ကျူးလွန်ကြပါတော့တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားတစ်ယောက်ဟာ လောင်းကစားကို စိတ်ဝင်စားမိရင် ကျောင်းစာကို စိတ်မဝင်စားတော့ပါဘူး။ စီးပွားရေးသမား တစ်ယောက်ဟာ လောင်းကစားကို စိတ်ဝင်စားမိရင် စီးပွားရေးကို စိတ်မဝင်စားတော့ပါဘူး။ အဲဒီလိုပဲ လယ်သမားဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ လောင်းကစားမှိုင်းဝင်တာနဲ့ မိမိစီးပွားရေး၊ မိသားစုရဲ့စီးပွားရေး တွေဟာ လုံးဝစိတ်မဝင်စားတော့ပါပဲ ကောင်းကျိုးမရှိ ဆိုးကျိုးအသိနဲ့ ဘဝပျက်ရပါတယ်။ မိသားစု တစ်စုမှာ မိသားစုဝင်တစ်ဦးလောင်းကစားအလုပ်နှင့် တစ်မိသားစုလုံးရှာသမျှ ကုန်ပြီး မိသားစု ဒုက္ခ

ရောက်ရပါတယ်။ တချို့တောင်သူတွေဟာ မြုပ်တဲ့စပါးရောင်း၊ နှမ်းရောင်း၊ စိုက်ပျိုးစရိတ်ငွေချေးပြီး ငွေများကို လောင်းကစားဝိုင်းမှာ လက်တည့်စမ်းလိုက်တာ လယ်ပြုတ်၊ ယာပြုတ်၊ နွားပြုတ်၊ လှည်းပြုတ် ဒုက္ခရောက်ရတော့တယ်။ အဲဒီလို နိုင်ငံရဲ့လူမျိုးအပေါ် ဆိုးကျိုးပြုနေလှတဲ့ လောင်းကစားမှုတွေကို ပြီးခဲ့တဲ့ခေတ်တစ်လျှောက်လုံး လျစ်လျူရှုထားခဲ့ကြပါတယ်။ မြို့လယ်ကောင်အဓိကနေရာတွေမှာ၊ ရဲစခန်းနှင့်မဝေးလှတဲ့နေရာတွေမှာ၊ ပြည်သူတွေအားလုံး သိနေတဲ့နေရာတွေမှာ လူတစ်ရုန်းရုန်းနဲ့ ဝင်/ထွက်သွားလာ လောင်းကစားတွေ ပြုနေကြတာကို တာဝန်ရှိသူတွေက မသိချင်အဆုံးပါ။ ဘယ်လိုအကြောင်းတွေကြောင့် တိုင်းပြည်နှင့် လူမျိုးအကျိုးယုတ်စေတဲ့ လောင်းကစားမှုတွေကို မသိခြင်ယောင်ဆောင်နေတာလဲဆိုတာ အံ့သြစရာပါ။ ဒါကြောင့် နိုင်ငံတော်ရဲ့ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေတဲ့ ဆိုးခိုးလုယက်မှုတွေကို ထူပြောစေတဲ့ နိုင်ငံသားကောင်းရတနာတွေကို စာရိတ္တပျက်စီးစေတဲ့ မိသားစုဘဝတွေကို ဒုက္ခရောက်စေတဲ့ တရားမဝင်လောင်းတန်းကစားမှုများကို အမြန်ဆုံး ထိရောက်စွာဖြေရှင်းနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးကာ လောင်းကစားဖဲဝိုင်းများသို့ မသွားရင်ကောင်း ကြီးပွားကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးပဲကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင့်စိုး(ဖားကန့်မဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမယ့် ဖားကန့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဖားကန့်မှာ လက်တွေ့အခုဖြစ်ပေါ်နေတဲ့ လောင်းကစားမှုအခြေအနေတွေကို ကျွန်တော်တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်လောင်းကစားလို့ဆိုတဲ့နေရာမှာ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးအပါအဝင် လေးကောင်ဂျင်၊ ခြောက်ကောင်ဂျင်၊ ၃၆ ကောင်၊ ဟိုက်ဂျူးလို့ခေါ်တဲ့၊ မာ့ဂျန်လို့ခေါ်တဲ့ လောင်းကစားနည်းတွေအပြင် ကျွန်တော်တို့ ပေါက်စီလောင်းကစားနည်းတွေ၊ ဖဲချပ်ကိုအသုံးပြုပြီးတော့ ကစားတဲ့လောင်းကစားနည်းတွေအပါအဝင် အခုနောက်ဆုံးပေါ် တရုတ်ပြည်ကနေတင်သွင်းလာတဲ့ ငါးမန်းဂိမ်းလို့ခေါ်တဲ့ ကွန်ပျူတာကစားနည်းတွေ အပါအဝင်ဖြစ်ပါတယ်။ အဲဒီ ကစား

နည်းတွေဟာ အခုလက်ရှိကျွန်တော်တို့ ဖားကန့်မှာ အများဆုံးအသုံးပြုပြီး ကစားနေကြတဲ့ကစားနည်းတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖားကန့်ဒေသဟာ မြန်မာနိုင်ငံမှာရှိတဲ့ လောင်းကစားမှုထူပြောတဲ့ အရပ်ဒေသထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခုလက်ရှိအခြေအနေမှာလည်းပဲ လောင်းကစားမှုဟာ လုံးဝပပျောက်သွားတာမရှိဘဲနဲ့ နေရာဒေသအသီးသီးမှာ သူတို့နားလည်မှုယူပြီးတော့ လုပ်ကိုင်နေကြတာတွေ ရှိပါတယ်။ အဲဒီလို လုပ်ကိုင်နေကြတဲ့နေရာမှာ ကျွန်တော်တို့ဆီမှာ လောင်းကစားဒိုင်ချုပ်တွေရှိပါတယ်။ အဲဒီလောင်းကစားဒိုင်ချုပ်တွေက အခုဘာတွေကို အဓိကအသုံးပြုနေကြလဲဆိုလို့ရှိရင် ပွဲလမ်းတွေကို သူတို့ ပွဲမိန့်ရအောင်လုပ်ပါတယ်။ အဲဒီလို ပွဲမိန့်ရအောင်လုပ်တဲ့ နေရာမှာ၊ ဒီပွဲမိန့်ကို ထုတ်ပြန်တဲ့နေရာမှာ လောင်းကစားတွေ ထည့်သွင်းပြုလုပ်ခြင်းမပြုရဘူးလို့ ကန့်သတ်ချက်တွေရှိပါတယ်။ ဒါပေမဲ့ ပွဲမိန့်ရသွားပြီးတာနဲ့ အဲဒီပွဲတွေကို အဓိက လောင်းကစားတွေ ထည့်သွင်းပြီး လုပ်ကြတာတွေရှိပါတယ်။ လောင်းကစားတွေလုပ်ကြတဲ့နေရာမှာ ကျွန်တော်တို့ဘာတွေကိုလုပ်လဲဆိုလို့ရှိရင် နိုင်ငံကျော်အနုပညာရှင်ကြီးတွေ၊ ရုပ်ရှင်မင်းသားမင်းသမီးတွေ၊ အဆိုတော်တွေ၊ မော်ဒယ်တွေကို စျေးကြီးပေးပြီးငှားပါတယ်။ ငှားပြီးတော့မှ သူတို့ဇာတ်ပွဲတွေ၊ အငြိမ့်တွေနဲ့ သူတို့က ပေါင်းစပ်ပြီးတော့မှ ပွဲသွင်းပါတယ်။ ရုံသွင်းပါတယ်။ အဲဒီသွင်းတဲ့နေရာမှာ သူတို့က ဖျော်ဖြေရေးကို အဓိကလုပ်တာမဟုတ်ဘဲနဲ့ သူတို့အဓိက လောင်းကစားကျဖို့အတွက်ပဲ လုပ်ဆောင်ကြတာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီမှာလုပ်ဆောင်ကြတဲ့အခါမှာ၊ အဲဒီပွဲဈေးတန်းတွေမှာ လောင်းကစားဝိုင်းတွေကို ရာနဲ့ချီပြီးတော့မှ သွင်းပါတယ်။ အဲဒီတော့ လောင်းကစားတွေ တမျိုးကို တစ်ညကို ဘယ်နှသိန်းစသဖြင့် အဲဒီလိုကောက်ခံပြီးတော့ စီးပွားရှာကြတာဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော် အဓိကဆွေးနွေးချင်တာက အဲဒီလောင်းကစားဝိုင်းတွေမှာ လုံခြုံရေးယူပေးတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။ အဲဒါ ရဲတပ်ဖွဲ့ဝင်တွေ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းက အဖွဲ့ဝင်တွေ၊ နောက်အရန် မီးသတ်တပ်ဖွဲ့တွေ၊ နောက်ပြီးတော့ သက်ဆိုင်ရာ ကျွန်တော်တို့ ရာအိမ်မှူးတွေ၊ ဆယ်အိမ်မှူးတွေဟာ အဲဒီမှာ သူတို့လုံခြုံရေးယူပေးရတယ်။ ဒီလောင်းကစားတွေ လုံလုံခြုံခြုံကစားဖို့အတွက် တရားဥပဒေစိုးမိုးရေးမှာ တာဝန်ရှိတဲ့လူတွေကိုယ်တိုင် အဲဒီလိုပတ်သက်နေတာဟာ ဒါတကယ့်ကိုမှ တရားဥပဒေ စိုးမိုးရေးရဲ့ဆန့်ကျင်ဘက်ဖြစ်သလို သက်ဆိုင်ရာအစိုးရရဲ့ပုံရိပ်ကိုလည်း ကျဆင်းစေပါတယ်။ ကျွန်တော်တို့ဖားကန့်ဆိုတာ နေရာဒေသ မြန်မာနိုင်ငံတစ်နံတစ်လျားက လာရောက်ပြီးတော့ စီးပွားရှာတဲ့နေရာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီပွဲတွေမှာ သောက်စားမူးယစ်ပြီးတော့မှ မကြာခဏခိုက်ရန် ဖြစ်ပွား မှုတွေဖြစ်ပါတယ်။ အဲဒီလို ခိုက်ရန်ဖြစ်ပွားမှုတွေ၊ ဓားထိုးမှုတွေ၊

ခေးခုတ်မှုတွေကြောင့် နှစ်စဉ်နှစ်တိုင်းဆိုသလို ဒီလောင်းကစားပွဲတွေကနေပြီး လူသတ်မှု တွေ လေး၊ ငါးမှု နှစ်တိုင်းလိုဖြစ်ပါတယ်။ ဒါ အင်မတန်ကြီးလေးတဲ့ပြဿနာတစ်ခုပါ။ နောက်ပြီးတော့မှ ဒီလိုပွဲတွေ မရှိတော့ဘူးဆိုရင် ဒီလောင်းကစားတွေ အထူးသဖြင့် ဒီခြောက်ကောင်ဝိုင်းတွေဟာ ကျွန်တော်တို့ရဲ့ မော်ဒေသအသီးသီး မှာရှိတဲ့ ဈေးတန်းတွေ မြေစာပုံတွေဆီရောက်သွားပါတယ်။ အထူးသဖြင့် အဲဒါတွေက ခြောက်ကောင်ဝိုင်း တွေဖြစ်ပါတယ်။ အဲဒီဈေးတန်းတစ်ခုမှာဆိုလို့ရှိရင် ခြောက်ကောင် ဝိုင်းက ၄၀၊ ၅၀ ထိရှိပါတယ်။ အဲဒီ တော့ ဒီမှာလုပ်နေတဲ့အလုပ်သမားတွေက မိန်းကလေးတွေပဲ ဖြစ်ပါတယ်။ အဲဒီမိန်းကလေးတွေဟာ တကယ့်မော်ဒယ်ဂဲတွေလို ဝတ်စားပြီးတော့မှ သူတို့ရဲ့ဆွဲဆောင် မှုကောင်းမှုကြောင့် မြေစာပုံမှာရှိတဲ့ လောပန်းတွေ၊ ရေမဆေးတွေသွားကစားကြတယ်။ ကစားကြတော့ သူတို့အသက် နှင့်ရင်းပြီးတော့မှ ရှာလို့ရတဲ့ ငွေစကြေးစတွေ အဲဒီလောင်းကစားဝိုင်းတွေမှာ ကုန်သွား ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကိုယ်တိုင် ဒီအုပ်ချုပ်ရေးမှူးနှင့်တိုင်ပင်ပြီးတော့မှ ကျွန်တော်တို့ ဖားကန့်မြို့နယ်မှာ လောင်းကစားတွေ မလုပ်ရ ဆိုတဲ့အမိန့်ကြေညာချက်တွေ ထုတ်ထားပေမဲ့လည်းပဲ ဒါကိုလိုက်နာခြင်းမရှိပါဘူး။ နောက်တစ်ခုက ဘောလုံးပါ။ ငွေရှာဖွေရလွယ်ကူတဲ့ဒေသဖြစ်တာ နှင့်အညီ ထောင်ငွေကနေပြီးမှ သိန်းရာချီထိ တစ်ဦးတည်းကနေလောင်းပါတယ်။ အဲဒီဘောလုံးဒိုင် တွေဟာ နေရာအနှံ့အပြားမှာရှိပါတယ်။ နောက်တစ်ခု အဆိုးရွားဆုံးလောင်းကစားနည်းကတော့ ငါးမန်းဂိမ်းလို့ခေါ်တဲ့ ကွန်ပျူတာဂိမ်းတွေဖြစ်ပါတယ်။ ဒီဂိမ်းတွေကို တရုတ်ပြည်က တရုတ်နိုင်ငံသား တွေ တင်သွင်းပြီးတော့မှ ကျွန်တော်တို့ မော်ဒေသ အသီးသီးမှာ လုပ်ဆောင်နေကြပါတယ်။ အဲဒီလို သူတို့နဲ့ယုံကြည်တဲ့သူနဲ့လုပ်ဆောင်တယ်။ နောက်ပြီးတော့ ဒီဂိမ်းတွေဟာ ကွန်ပျူတာနဲ့ထိန်းချုပ်လို့ရ တဲ့ကစားနည်းတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကစားတဲ့သူတိုင်းရှုံးပါတယ်။ ရှုံးတာမှ ပက်ပက်စက်စက် ရှုံး ဘဝပျက်ကြပါတယ်။ ကျွန်တော်တို့ ဒီဆိပ်မူကျေးရွာအုပ်စုက ရွာတစ်ရွာမှာဆိုလို့ရှိရင် အဲဒီရွာက အိမ်ခြေ ၃၆ လုံးဟာ ကွန်ပျူတာဂိမ်းကြောင့်မို့ ဆုံးရှုံးသွားတဲ့အနေအထားမျိုး ရှိပါတယ်။ ကျွန်တော်သိ တဲ့ အမျိုးသမီးတစ်ယောက်ဆိုရင် သိန်းပေါင်း ၆၀၀၀ ကျော်အထိ ဒီကွန်ပျူတာဂိမ်းကစားလို့ ဆုံးရှုံးခဲ့တာ ရှိပါတယ်။ အဲဒီလို သိန်းထောင်ချီဆုံးရှုံးတဲ့လူတွေ အများကြီးရှိပါတယ်။ အိမ်ကပိုက်ဆံတွေ ခိုးယူလာပြီးတော့မှ ငါးမန်းဂိမ်းလာဆော့တဲ့ အလယ်တန်း ကျောင်းသားလေးတွေတွေ့ဖူးသလို ဈေးဝယ်သွားမယ်ဆိုပြီး ဈေးခြင်းလေးတွေနဲ့ထွက်လာတဲ့ အိမ်ရှင်မတွေ ဒီငါးမန်းဂိမ်းလေးဝင်ကစား တာ အိမ်ကို ဈေးခြင်းဟောင်းလောင်းနဲ့ပဲပြန်သွားရတဲ့ အချက်မျိုးတွေလည်း ရှိပါတယ်။ ကျွန်တော့် သူငယ်ချင်းတစ်ယောက် ဆိုလို့ရှိရင် သိန်းထောင်ချီဆုံးရှုံးတော့ သူ့အနေနဲ့ မကစားရမနေနိုင်ဖြစ်တဲ့

အတွက်ကြောင့် နောက်ဆုံး အဲဒီကစားတဲ့နေရာတွေထဲက ခိုးဖွက်ပြီး ကစားနေတာ။ အဲဒါကို သွားပြီးမှ ဒါကိုဖမ်းဆီးပေးဖို့ ကျွန်တော့်ကိုလာပြောတယ်။ ကျွန်တော်ကိုယ်တိုင် ဒါတွေနဲ့ပတ်သက်ပြီးတော့၊ လိုက်ပြီးတော့ ပိတ်သိမ်းခဲ့ရတာမျိုးတွေရှိပါတယ်။ အချုပ်အားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝတွေ၊ ပညာရေးဘဝတွေကိုပါ ပျက်စီးစေတဲ့ ဆင်းရဲမွဲတေမှုကို ပိုမိုပြီးတော့ဖြစ်ပေါ်စေတဲ့ ဒီတရားမဝင် လောင်းကစားတွေကို၊ ထိရောက်စွာတားဆီးနှိမ်နင်းပေးဖို့အတွက်ကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အဆိုပြုခဲ့တဲ့ ဒေါ်မာမာခိုင်ရဲ့အဆိုကို ကျွန်တော့်အနေနဲ့လေးလေးနက်နက် ထောက်ခံပါကြောင်းနှင့် ဒီလောင်းကစားမှုတွေကို ထိရောက်စွာဟန့်တားပေးပါရန် လေးစားစွာတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက သထုံမဲဆန္ဒနယ်က ဒေါ်မာမာခိုင်ရဲ့ နိုင်ငံတော်နှင့် ပြည်သူတွေအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေတဲ့ တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံလောင်းကစားဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)တွင် လောင်းကစားခြင်းဆိုတာကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင်ပါဝင်ပြီး ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးတန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် ပြောင်းလဲသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း၊ အကောက်အဆယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ လောင်းကစားခြင်းကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပြစ်ဒဏ်ကိုတော့ ထောင်ဒဏ် ၆ လ၊ တစ်နှစ်၊ သုံးနှစ်အထိ သတ်မှတ်ထားပါတယ်။ ထပ်မံကျူးလွန်မှုတွေအတွက် အနည်းဆုံးသုံးနှစ်မှ ငါးနှစ်အထိ ထောင်ဒဏ်သတ်မှတ်ထားတာကို သိရှိရပါတယ်။ တရားမဝင်လောင်းကစားမှုတွေဟာ နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့ကို များစွာထိခိုက်ပျက်စီးစေပါတယ်။ ဒါကြောင့် ဒီလောင်းကစားမှုတွေကို တားဆီးဟန့်တားဖို့အတွက် နိုင်ငံတော်အစိုးရက ၁၉၈၆ ခုနှစ်၌ လောင်းကစားဥပဒေကို ပြဋ္ဌာန်းပြီး

ထိရောက်စွာအရေးယူဖို့ ကြိုး စားခဲ့ပေမဲ့ အစိုးရအဆက်ဆက်ဟာ အရေးယူဆောင်ရွက်မှုတွေ အလွန်အားနည်းခဲ့တာကို တွေ့ရှိရ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံမှာ လောင်းကစားမှုတွေကို ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်ဖို့ အဆိုရှင်က အစိုးရကိုတိုက်တွန်းရသည်ဆိုတာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေက တာဝန်ကျေပွန်စွာ လုပ်ဆောင်နိုင်ဖို့ဆိုတာ ထင်ရှားနေပါတယ်။ အခု ပြည်သူတွေအားကိုးနေတဲ့ အစိုးရသစ်တက်လာတာ တစ်နှစ်ပြည့်ပါတော့မည်။ နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်တိုင်းမှာ လောင်းကစားမှုတွေရှိနေတာပါပဲ။ လောင်းကစားမှုတွေ ကင်းစင်အောင်လုပ်လို့မရနိုင်ဘူးလို့ ယူဆပါတယ်။ လောင်းကစားမှုတွေ ကင်းစင်တဲ့နိုင်ငံဆိုတာ ရှိမယ်မထင်ပါဘူး။ လောင်းကစားမှုတွေ နည်းသွားအောင်သာ လုပ်ဆောင်ရပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှမှာ အဆင်းရဲဆုံးနိုင်ငံဖြစ်ပါတယ်။ ငွေရလွယ်တဲ့အလုပ်အကိုင် အခွင့်အလမ်းတွေအလွန်နည်းပါတယ်။ အချို့ ဆင်းရဲတဲ့ လက်လုပ်လက်စားတွေ၊ အလုပ်လက်မဲ့တွေဟာ အချို့ကချမ်းသာဖို့၊ အချို့က စားဝတ်နေရေးအဆင်ပြေဖို့ငွေကို ဖြတ်လမ်းကရှာဖို့ နည်းလမ်းတွေကို ရှာကြံလာကြတဲ့အခါမှာ လောင်းကစားမှုတွေကို အာရုံရောက်လာကြပါတယ်။ အချို့က အပျင်းပြေသဘော၊ အပျော်သဘောနဲ့ကစားကြပါတယ်။ အချို့က တဖြည်းဖြည်းနဲ့လောင်းကစားသမားတွေဖြစ်သွားကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်က ထိရောက်စွာအရေးယူဆောင်ရွက်ပြီး တားဆီးခြင်းတွေလုပ်ဖို့လိုသလို နိုင်ငံမှာအလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပေါ်လာအောင်လည်း လုပ်ဆောင်ပေးဖို့ လိုအပ်တယ်လို့ အကြံပြုလိုပါတယ်။ နိုင်ငံတော်အစိုးရက တရားဝင်ဖွင့်နေတဲ့ အောင်ဘာလေ ခြောက်လုံးသိန်းထီဆိုရင် တစ်လမှာတစ်ကြိမ်သာ ဖွင့်ပါတယ်။ တရားမဝင်နှစ်လုံးထီက တစ်ရက်မှာ နှစ်ကြိမ်တစ်ပတ်မှာငါးရက် ဖွင့်နေကြပါတယ်။ တရားမဝင်သုံးလုံးထီဆိုရင် တစ်လမှာနှစ်ကြိမ်ဖွင့်ပါတယ်။ ပြည်သူတွေက အစိုးရအောင်ဘာလေခြောက်လုံးထီကို ကြာတယ်ဆိုပြီး တရားမဝင်ထီတွေကိုပဲ မြို့တွေ၊ ကျေးရွာတွေမှာ အပြိုင်အဆိုင်ထိုးနေကြတာကို ကြားသိနေရတဲ့အတွက် နှစ်လုံးထီနဲ့ သုံးလုံးထီကို အောင်ဘာလေသိန်းထီကဲ့သို့ အောင်ဘာလေလုပ်ငန်းဌာနက အခွန်ကောက်ခံပြီး စနစ်တကျ ကံစမ်းဖွင့်ပေးနိုင်မယ်ဆိုရင် နိုင်ငံတော်မှာ အခွန်ငွေတွေ အများကြီးတိုးလာနိုင်တယ်လို့ အကြံပြုတင်ပြရင်း သထုံမဲဆန္ဒနယ်က ဒေါ်မာမာခိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။(ဩဘာသံများ)

**မူကြမ်း**

## ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့ အဆိုအပေါ်မှာ ပြန်လည်ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုနှင့်ပတ်သက်ပြီး အဆိုတင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်နှင့် ဒီအဆိုအပေါ်မှာ ပါဝင်ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့ရဲ့ ဆွေးနွေးချက်တွေဟာ အင်မတန် ကောင်းမွန်ပြည့်စုံတဲ့ ဆွေးနွေးချက်များ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီလောင်းကစားမှုနှင့်ပတ်သက်ပြီး လက်တွေ့နယ်တွေမှာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူကိုင်တွယ်ဆောင်ရွက်ကြတဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီးများရဲ့ ဆွေးနွေးချက်၊ အကြံပြုချက်၊ ထောက်ပြချက်တွေကို အလေးအနက်ထားသုံးသပ်ပြီး ထိရောက်အောင် အလေးထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လောင်းကစားမှုကို အရေးယူနိုင်ဖို့အတွက် ၁၈၉၉ ခုနှစ်မှာ Gambling Act ကို ပြဋ္ဌာန်းအရေးယူဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ အရေးယူဆောင်ရွက်ရာမှာ ပြစ်ဒဏ်နည်းပါးပြီး ထိရောက်စွာအရေးယူနိုင်ခြင်းမရှိတဲ့အတွက် ၁၉၈၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၆ ဖြင့် လောင်းကစားဥပဒေအသစ်ကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ ထိုသို့ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် လောင်းကစားမှုများဖမ်းဆီးအရေးယူရာမှာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ဖို့အတွက် ၁၉၈၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၁/၈၇ ဖြင့် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက လောင်းကစားနည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ လောင်းကစားမှုပပျောက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ဟာ နှစ်စဉ် လောင်းကစားမှုတားဆီးနှိမ်နင်းရေးစီမံချက်ရေးဆွဲပြီး အဆိုပါ

စီမံချက်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့များ၊ ရဲစခန်းများ အဆင့်ထိ မိမိတို့တာဝန်ယူရတဲ့ နယ်မြေအလိုက် လောင်းကစားမှုတားဆီးနှိမ်နင်းရေးကိုလည်း အလေးအနက်ထားဆောင်ရွက်စေလျက်ရှိပါတယ်။ လောင်းစားမှုတားဆီးနှိမ်နင်းရေးဆောင်ရွက်ရာမှာ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှလည်း ပူးပေါင်းပြီး လောင်းကစားနှင့်ပတ်သက်သော သတင်းများရယူစုဆောင်းပြီး ရရှိတဲ့ သတင်းအပေါ်အတည်ပြုပြီး တိုင်းဒေသကြီး/ပြည်နယ်ရဲ့တပ်ဖွဲ့မှူးရုံးမှာ ဖွဲ့စည်းထားတဲ့ လောင်းကစားမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့များဖြင့်လည်းကောင်း၊ မှူခင်းရဲတပ်ဖွဲ့မှ ဖမ်းဆီးရေးအဖွဲ့များဖြင့်လည်းကောင်း၊ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့များမှ ဖမ်းဆီးရေးအဖွဲ့များဖြင့်လည်းကောင်း၊ မိမိနယ်မြေအတွင်းမှာသော်လည်းကောင်း၊ ခရိုင်အချင်းချင်းသော်လည်းကောင်း၊ ရဲစခန်းအချင်းချင်း အပြန်အလှန်သတင်းအတည်ပြုပြီး နယ်မြေကျော် ဖမ်းဆီးမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လောင်းကစားမှုလျော့နည်းပပျောက်ရေးအတွက် စီမံချက်ရေးဆွဲဖမ်းဆီးဆောင်ရွက်ခဲ့ရာမှာ နှစ်လုံးထီ၊ ချဲ၊ ဖဲ၊ ဂျင်အပါအဝင် အခြားသောလောင်းကစားမျိုးစုံတို့ကို ဖမ်းဆီးမှုအနေနဲ့ ၂၀၁၃ ခုနှစ်မှာ အမှုပေါင်း ၃၅၈၀ မှု၊ တရားခံ ၆၇၉၁ ဦး၊ လောင်းကစားငွေကြေးသိန်းပေါင်း ၂၆၀၀ ကျော်၊ ၂၀၁၄ ခုနှစ်မှာ အမှုပေါင်း ၂၅၆၁ မှု၊ တရားခံ ၅၆၆၈ ဦး၊ လောင်းကစားငွေကြေးကျပ်သိန်းပေါင်း ၂၁၀၀ ကျော်၊ ၂၀၁၅ ခုနှစ်မှာ တရားခံ ၅၂၉၀ ဦး၊ အမှုပေါင်း ၂၁၁၄ မှု၊ လောင်းကစားငွေကြေးသိန်းပေါင်း ၁၈၀၀ ကျော်၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ အမှုပေါင်း ၂၇၆ မှု၊ တရားခံပေါင်း ၆၃၁၇ ဦး၊ လောင်းကစားငွေကြေး ကျပ်သိန်းပေါင်း ၃၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် လောင်းကစားဖမ်းဆီးရမိမှုနှင့် ပတ်သက်ပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်မှတ်တမ်းပြုစုပြီး ဖမ်းဆီးမှုအားနည်းသည့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ တွန်းအားပေး ကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာနယ်မြေအလိုက် ဖမ်းဆီးရမည့်မှတ်တမ်းများကို ပြုစုတင်ပြမှုအပေါ်မှာလည်းအဆင့်ဆင့် တွန်းအားပေးကြပ်မတ်ခြင်းတွေကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ လောင်းကစားမှုပပျောက်ရေးဆောင်ရွက်ရာမှာ အဆင့်ဆင့်တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်စေလျက်ရှိပြီး ဖမ်းဆီးအရေးယူမှုအားနည်းတဲ့ တိုင်းဒေသကြီး/ပြည်နယ်များသို့ အဆင့်ဆင့်သတိပေး

မူကြမ်း

ကြပ်မတ်ခြင်းများလည်း ဆောင်ရွက်လျက်ရှိသလို အရေးယူဆောင်ရွက်မှုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မိမိတာဝန်ယူထားတဲ့ နယ်မြေအတွင်း အထက်ဌာနအဖွဲ့အစည်းများမှ ဖွဲ့စည်းထားတဲ့ဖမ်းဆီးရေးအဖွဲ့များမှ ဝင်ရောက်ဖမ်းဆီးရမည်ဆိုပါက တာဝန်ရှိတဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူး၊ နယ်ထိန်းအရာရှိနှင့် နယ်မြေခံတာဝန်ခံများကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လောင်းကစားမှုမှာ တစ်စုံတစ်ရာ ပါဝင်ပတ်သက်မှုရှိတဲ့ တပ်ဖွဲ့ဝင်များကိုလည်း ဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ၂၀၁၃ ခုနှစ်မှာ အရာရှိ ၁၂၄ ဦး၊ အခြားအဆင့် ၃၅ ဦး၊ ၂၀၁၄ ခုနှစ်မှာ အရာရှိ ၁၁၇ ဦး၊ အခြားအဆင့် ၃၉ ဦး၊ ၂၀၁၅ ခုနှစ်မှာ အရာရှိ ၉၃ ဦး၊ အခြားအဆင့် ၃၃ ဦး၊ ၂၀၁၆ ခုနှစ်မှာ နိုဝင်ဘာလအထိ အရာရှိ ၁၁၄ ဦး၊ အခြားအဆင့် ၄၉ ဦး စုစုပေါင်း ရဲတပ်ဖွဲ့အရာရှိ ၄၄၈ ဦးနဲ့ အခြားအဆင့် ၁၅၆ ဦးတို့ကို လောင်းကစားမှုတွင် တာဝန်ယူအရေးယူဆောင်ရွက်နိုင်မှုများ အလေးထားဆောင်ရွက်ခဲ့ပါကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် လောင်းကစားမှုလျော့နည်းပပျောက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ မိမိတာဝန်ရှိတဲ့နယ်မြေအလိုက် သတင်းရယူဖော်ထုတ်ပြီး ဖမ်းဆီးအရေးယူခြင်းဆောင်ရွက်သကဲ့သို့ လောင်းကစားဥပဒေအရ ဖမ်းဆီးအရေးယူပိုင်ခွင့်ရှိသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကလည်း မိမိတို့ရပ်ကွက်/ကျေးရွာအတွင်း လောင်းကစားမှုများ သတင်းစုံစမ်းတင်ပြစေခြင်း၊ သတင်းရရှိပါက ကိုယ်တိုင်ဖမ်းဆီးခြင်း၊ ဝရမ်းထုတ်ပေးခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဖမ်းဆီးခြင်းတို့ကိုလည်း အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သတင်းပေးတိုင်ကြားချက်များ ရရှိပါကလည်း သီးခြားအဖွဲ့များဖွဲ့စည်း၍ အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီးနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဖမ်းဆီးရာတွင် တာဝန်ရှိသော အဆင့်ဆင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များအနေဖြင့် လောင်းကစားမှုတွင် ပါဝင်ပတ်သက်မှုများရှိကြောင်း စိစစ်ချက်အရသော်လည်းကောင်း၊ တိုင်ကြားချက်အရလည်းကောင်း ဖော်ထုတ်သိရှိရမှုများအပေါ်မှာလည်း ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် လောင်းကစားမှုမှာ ဖမ်းဆီးရေးအဖွဲ့များအနေဖြင့် ဖမ်းဆီးရာမှာလည်းကောင်း၊ သက်သေခံပစ္စည်းများ သိမ်းဆည်းရာမှာလည်းကောင်း လောင်းကစားနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ ဆောင်ရွက်ခြင်း၊ ကွင်းဆက်များစုံစမ်းဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူ့အင်အားကိုရယူပြီး လောင်းကစားမှုများ လျော့နည်းပပျောက်စေရေးကိုလည်း အသိပညာပေးလုပ်ငန်းများနှင့်

ပူးတွဲကာ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် လောင်းကစားမှုတွင် ပါဝင်ပတ်သက်မှုနှင့်ပတ်သက်၍ နိုင်ငံတော်၏တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မည်သူကိုမဆို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ဟာ နိုင်ငံတစ်ဝန်းလုံး၌ တရားမဝင်လောင်းကစားမှုများ လျှော့နည်းပပျောက်စေရေး အတွက် သတင်းထောက်လှမ်းခြင်း၊ ကြိုတင်ကာကွယ်နှိမ်နင်းခြင်း၊ ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူ တရားစွဲတင်ခြင်း၊ ပညာပေးလုပ်ငန်းများ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာမြို့နယ်တရားရုံးများကချမှတ်တဲ့ ပြစ်မှုပြစ်ဒဏ်မျှတမှုမရှိခြင်း၊ တရားသေ၊ တရားရှင်လွှတ် ခြင်းများနဲ့ပတ်သက်၍ စိစစ်ပြီး ပြင်ဆင်မှု၊ အယူခံမှုများကိုလည်း အဆင့်မြင့်တရားရုံးများသို့ ဥပဒေနှင့် အညီ ဆက်လက်တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ လောင်းကစားဖမ်းဆီးအရေးယူရန်တာဝန်ရှိသည့် တပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း လောင်းကစားမှုတွင် တစ်စုံတစ်ရာ ပါဝင်ပတ်သက်မှု၊ မသမာမှုများ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပြီး ဆက်လက်ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ လောင်းကစားမှုလျှော့နည်း ပပျောက်စေရေးအတွက် ဖမ်းဆီးအရေးယူမှုတစ်ခုတည်းဖြင့် ဆောင်ရွက်၍မလုံလောက်နိုင်တဲ့အတွက် လူထုအခြေပြုရဲလုပ်ငန်းစနစ်(Community Policing)ကိုကျင့်သုံးပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာစေရေးအတွက်ကိုလည်း အသိပညာပေးစည်းရုံးခြင်းလုပ်ငန်းများကို အလေးအနက် ထားဆောင်ရွက်လျက်ရှိပါသဖြင့် အဆိုရှင်၏အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ရှင်။ ကျွန်မရဲ့ အဆိုကို ဆွေးနွေးအကြံပြုထောက်ခံပေးတဲ့ ကိုယ်စားလှယ်အားလုံးနှင့် ဒီလောင်းကစားနဲ့ ပတ်သက်ပြီးတော့ ပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ အခုဆိုလို့ရှိရင် ကျွန်မတို့ရဲ့ပြည်သူတွေက ဒီလွှတ်တော်ကြီးနှင့် အစိုးရ အဖွဲ့ကနေပြီးတော့ ပြည်သူတွေအတွက် ဘာတွေလုပ်ဆောင်ပေးမယ်၊ ဘာတွေလုပ်ဆောင်ပေးနေ

တယ်ဆိုတာကိုသိရှိပြီးတော့ မိမိတို့ဘဝ အေးချမ်းလုံခြုံစွာနေကြရမှာဖြစ်တယ်လို့လည်း ကျေးဇူးတင်ဝမ်းမြောက်ကြမှာပါ။ ပြည်သူ့ကိုယ်စားလှယ်တွေကလည်း ပြည်သူတွေအကျိုးအတွက် ဒီလွှတ်တော်ကြီးမှာ ဒီလိုတက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးတာကို ပြည်သူတွေအားလုံးလည်း ကျေနပ်အသိအမှတ်ပြုကြမှာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့အဆိုရည်ရွယ်ချက်ကိုက တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေတဲ့ ဒီတရားမဝင်လောင်းကစားမှုတွေကို နိုင်ငံတော်ရဲ့ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုမှာ အနှောင့်အယှက်ဖြစ်နေတဲ့အတွက် အဲဒါတွေကို ထိထိရောက်ရောက်အရေးယူဖို့အတွက် ရည်ညွှန်းထားတာဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်မပြောချင်တာကတော့ ခုနက ပြည်ထဲရေးဝန်ကြီးလည်းပြောသွားပါတယ်။ ၂၀၁၀ ခုနှစ်ကနေပြီးတော့ ၂၀၁၅ ခုနှစ်အထိ ၅ နှစ်တာကာလအတွင်းမှာ ဖမ်းဆီးရမိခဲ့တဲ့လောင်းကစားမှုတွေမှာ သိမ်းဆည်းခဲ့တဲ့ငွေကြေးတွေက ကျပ်သိန်းပေါင်း ၁၃၀၀၀ ကျော်ရှိပြီးတော့ ဒီ ၂၀၁၆ ခုနှစ် ဇန်နဝါရီလကနေပြီးတော့ အောက်တိုဘာလအထိ သိမ်းဆည်းရမိတဲ့လောင်းကြေးငွေတွေက ကျပ်သိန်း ၂၈၄၃ သိန်းရှိပါတယ်။ ဒါတွေ ဖမ်းဆီးမိတဲ့ငွေတွေပဲဖြစ်ပါသေးတယ်။ ဖမ်းဆီးမမိတာတွေရှိနေတဲ့အခါကျတော့ ကျွန်မတို့ရဲ့ပြည်သူတွေသည် လောင်းကစားမှုကြောင့် ဘယ်လောက်နစ်နာဆုံးရှုံးခဲ့ရသလဲဆိုတာကို ဆက်စပ်သိရှိနိုင်ပါတယ်။ နိုင်ငံတော်ကလည်း အခွန်အခမရ။ ဘာအကျိုးအမြတ်မှလည်းမရှိဘဲနဲ့ ကျွန်မတို့ပြည်သူတွေ ဆုံးရှုံးနေခဲ့ရတာတွေကို ဆက်လက်ပြီးတော့ ဒီဒုက္ခတွေကို ကျွန်မတို့ပြည်သူတွေကို မခံစားစေချင်တော့လို့ပါ။ နိုင်ငံတော်အတွက် တရားဥပဒေစိုးမိုးရေး အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အရေးအကြီးဆုံးကတော့ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးဖြစ်ပါတယ်။ ပြောင်းလဲရေးဆိုတဲ့နေရာမှာ နိုင်ငံတော်အနေနဲ့ လိုအပ်တဲ့ဆက်သွယ်ရေးကွန်ရက်၊ နည်းပညာပိုင်း၊ ခေတ်မီလက်နက်တပ်ဆင်မှု၊ လုံလောက်တဲ့ ရိက္ခာ၊ လစာထောက်ပံ့မှုနှင့် Capacity ပိုင်းတွေကို တိုးမြှင့်ခြင်းဆိုင်ရာသင်တန်းတွေကို ထောက်ပံ့ပေးရမှာဖြစ်သလို ရဲအင်အားကိုလည်း တိုးမြှင့်ပေးရမှာဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်အနေနဲ့ကတော့ မိမိတို့ရဲ့ Mindset တွေကို ပြောင်းလဲဖို့လိုပါတယ်ရှင်။ ဒါမှသာ တရားဥပဒေစိုးမိုးပြီးတော့ အုပ်ချုပ်ရေးယန္တရားခိုင်မာပြီး ပြည်သူများအေးချမ်းစွာနေထိုင်ကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ လက်တွဲပါဝင်ရမှာတော့ ကျွန်မတို့လွှတ်တော်ကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍနှင့် ပြည်သူများရဲ့ပူးပေါင်းပါဝင်မှုဖြစ်ပါတယ်။ အခုဆိုရင် ပြည်ထဲရေးဝန်ကြီးဌာနကလည်း ပြည်သူတွေပူးပေါင်းပါဝင်ဖို့ လိုအပ်တယ်လို့ ဖိတ်ခေါ်တဲ့အတွက် ပြည်သူတွေလည်း ကျေနပ်ဝမ်းမြောက်ကြမှာပါ။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့အဆိုဖြစ်တဲ့ နိုင်ငံတော်နှင့်ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေတဲ့ တရားမဝင် လောင်းကစားမှုတွေကို ထိရောက်စွာဟန့်တားပြီး အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် လေးစားစွာ သဘောထားတင်ပြ အပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၀ ဦးကဆွေးနွေးပြီး ပြည်ထဲရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်မာမာခိုင်တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်မရှိအတည်ပြု၍ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့(၂၈-၁၁-၂၀၁၆ ရက်နေ့)မှာ လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေ ကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၃၀-၁၁-၂၀၁၆ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ရာ အမည်စာရင်း

**မူကြမ်း**

တင်သွင်းသူ သုံးဦးရှိပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်ပါ့မယ်။ ဥပဒေကြမ်းကော်မတီအား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးဝေလှိုင်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာတဲ့ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားတင်ပြချက်ကို ကျွန်တော် ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ ဦးဝေလှိုင်ထွန်းက တင်ပြပါမယ်။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် ရက်စွဲ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၃-၁၀-၂၀၁၆ ရက်နေ့မှာ စတင်တင်သွင်းပြီး ၆-၁၀-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီး ပြည်သူ့လွှတ်တော်ကို ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်တဲ့ ၂၈-၁၁-၂၀၁၆ ရက်နေ့တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၃၀-၁၁-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ပြင်ဆင်ချက်တင်သွင်းတဲ့ ကိုယ်စားလှယ်တွေကတော့ ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)၊ ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)နှင့် ပဲခူးတိုင်းဒေသကြီးက ဦးဇော်ဝင်း(ထန်းတပင်မဲဆန္ဒနယ်) ကိုယ်စားလှယ် သုံးဦးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၇-၁၂-၂၀၁၆ ရက်နေ့မှာ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ အခုနက ကိုယ်စားလှယ်များနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ အဲဒီညှိနှိုင်းအစည်းအဝေးဆွေးနွေးချက်များအရ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ၅-၁၂-၂၀၁၄ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၅၁/၂၀၁၄)နဲ့ ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ယခင်ရှိပြီးတဲ့ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့အက်ဥပဒေ ၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် (၃၅)ကို ရုပ်သိမ်းပြီး ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ရုပ်သိမ်းလိုက်မယ်ဆိုပါက ပြည်တွင်းရေကြောင်းသယ်ယူ

ပို့ဆောင်ရေးလုပ်ငန်းများနှင့်သက်ဆိုင်တဲ့ ကိစ္စရပ်များကိုဆောင်ရွက်မယ်ဆိုလျှင် ဘယ်ဥပဒေနဲ့ ဘယ်လို ဆောင်ရွက်ရမယ်ဆိုပြီးတော့ ရည်ညွှန်းရန် အခက်အခဲများနှင့် ကြုံတွေ့ရမှာဖြစ်ပါတယ်။ လက်ရှိ ကျင့်သုံးနေတဲ့ဥပဒေဟာ ခေတ်စနစ်နဲ့ကိုက်ညီမှုမရှိသဖြင့် ရုပ်သိမ်းလိုပါက ယနေ့ခေတ်စနစ်နဲ့ကိုက်ညီ မှုရှိတဲ့ ဥပဒေသစ်ကို ပြဋ္ဌာန်းပြီးမှသာ ရုပ်သိမ်းသင့်ပါကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ယနေ့ ခေတ်စနစ်နှင့်ကိုက်ညီသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေအသစ်ကို ရေးဆွဲပြီးမှ သာလျှင် လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေကို တစ်ပါတည်းရုပ်သိမ်းသင့်ပါကြောင်း၊ ယခု ပေးပို့လာ သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းက ယခုအချိန်မှာ ပြဋ္ဌာန်းရန် သဘောမတူကြောင်းကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒုတိယ ဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးအနေနဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ယနေ့ ခေတ်စနစ်နှင့်ကိုက်ညီသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေအသစ် ရေးဆွဲပြီးမှသာ လက်ခံကျင့်သုံးလျက်ရှိသော ဥပဒေကို တစ်ပါတည်းရုပ်သိမ်းသင့်ကြောင်း တင်ပြချက်နှင့်ပတ်သက်ပြီး တော့ ကျွန်တော်တို့အနေနဲ့ လက်ခံပါကြောင်းနှင့် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ပါ ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြဋ္ဌာန်းရန် သဘော မတူကြောင်း ဆွေးနွေးတင်ပြမှုအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း သဘောတူ ထောက်ခံဆွေးနွေးသွားခဲ့ပါတယ်။ ဒါကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့

ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ရန် သဘောမတူကြောင်း ဥပဒေကြမ်း ကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ရန် သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၂း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်